# ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (16-2-2005)(၄၅၁၁)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။




**တက်ရောက်**

အဆိုပါဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲသို့ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူး–တောင်ငူလမ်းအပိုင်း အဆင့်မြှင့်တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၄ရက် နံနက် ၈နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းနယ်စပ် ဝမ်းဘောဒတ်တံတားသို့ ရောက်ရှိကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

**ရွှေသံလွင်**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒိုက်ဦးမြို့နယ် ပျဉ်ပုံရွာသစ်အနီးရှိ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ အင်ဂျင်နီယာမှူးကြီး ဦးစောဒေးဗစ်သာက ပဲခူး–ညောင်လေးပင်လမ်းအပိုင်းတွင် လမ်းထပ်ပိုးလွှာတင်ခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းခင်းကျောက်များ စုဆောင်းရရှိမှုနှင့် ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❍

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

65(i) 1 1/3/32, 6:15

ကြေးမုံ
The Mirror
၁၆–၂–၂၀၀၅
(ဗုဒ္ဓဟူးနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား**

**စည်းလုံးခြင်းသည်အင်အား**

**“တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် မည်သို့သော အဖျက်အမှောင့် မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့”**

# ဒေသစိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းဆောင်ရွက်

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကြိုးပမ်း

သဘာဝပတ်ဝန်းကျင်သည် သက်ရှိအားလုံးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ ကမ္ဘာ့ လေထု၊ ရေထု၊ မြေထု၊ သဘာဝသယံဇာတပစ္စည်းများ၊ သဘာဝနှင့်ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များဖြင့် ဝန်းရံလျက်ရှိသော အရာအားလုံးသည် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံး၏ ပတ်ဝန်းကျင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်အရည်အသွေး ယိုယွင်းပျက်စီးခြင်းသည် လူသားတို့၏ နေထိုင်မှုအဆင့်အတန်း ကျဆင်းလာခြင်းကို ဖြစ်ပေါ်စေလျက်ရှိသည်။ ကမ္ဘာ့လူသားအားလုံး ကောင်းမွန်ပြည့်စုံစွာ နေထိုင်နိုင်ရေး၊ သက်ရှိအားလုံး ဆက်လက်ရှင်သန်နိုင်ရေးတို့အတွက် သဘာဝပတ်ဝန်းကျင်ကို အစဉ်အလေးထား ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် သဘာဝတောတောင် ရေမြေအလှအပများဖြင့် ပြည့်စုံသောနိုင်ငံဖြစ်သည်။ သဘာဝအမွေအနှစ်များဖြစ်သည့် သစ်တော၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေများဖြင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

နိုင်ငံတော်က သဘာဝအခြေအနေများကြောင့် တောတောင်များ မပျက်စီးစေရန် ကြိုတင်ကာကွယ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ဥပဒေများ၊ မူဝါဒများချမှတ်ခြင်း၊ အခြေခံအဆင့်အထိ အသိပညာပေးခြင်း လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၁၉၉၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်က သဲကန္တာရဖြစ်လုနီးပါး အခြေအနေနှင့် ကြုံတွေ့ခဲ့ကြရသည့် မြန်မာနိုင်ငံအလယ်ပိုင်း ရာသီဥတုပူပြင်းသောဒေသသည် ယခုအခါ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိနေပြီ ဖြစ်သည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းများတွင် ပဲခူးရိုးမစိမ်းလန်း စိုပြည်ရေးလုပ်ငန်းများလည်းပါဝင်သည်။ ပဲခူးရိုးမသည် အဖိုးတန်ကျွန်းနှင့် သစ်မာများထွက်ရှိရာ ဒေသဖြစ်သည်။ ထို့အပြင် ဒေသခံပြည်သူများ စိုက်ပျိုးရေဖူလုံစေရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးတို့အတွက် ဆည်တမံများစွာကို ပဲခူးရိုးမပတ်လည်တွင် တည်ဆောက်ပေးထားသည်။

ထို့ကြောင့် အဆိုပါဆည်တမံကြီးများတွင် ဆည်ရေအပြည့်အဝရရှိထိန်းသိမ်းနိုင်ရန် ရေဝေရေလဲသစ်တောများကို အထူးအလေးထား ထိန်းသိမ်းကြရန် လိုအပ်သည်။ အထူးသဖြင့် ကြိုးဝိုင်းသစ်တောများအတွင်း စည်းကမ်းမဲ့သစ်၊ မျော၊ ဝါး၊ ထင်း၊ မီးသွေးထုတ်ယူသုံးစွဲခြင်းများကြောင့် သစ်တောများ ပြုန်းတီးမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်း စီမံချက်ကို ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၈–၂၀၀၉ ခုနှစ်အထိ ငါးနှစ်စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါစီမံချက် လုပ်ငန်းများတွင် ပဲခူးရိုးမနယ်မြေကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောဧရိယာ ဧက ၄ ဒသမ ၇၇ သန်းအနက် သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်း ဧက ၁၃ ဒသမ ၃ သိန်း၊ ကျွန်းစိုက်ခင်းဧက ၈၆၅၀၀ နှင့် ရေဝေရေလဲစိုက်ခင်း ဧက ၇၃၆၅၀ အပါအဝင် စိုက်ခင်းဧက ၁၉၉၆၄၀ စိုက်ပျိုးသွားမည် ဖြစ်သည်။

ယခုအခါ ၂၀၀၅–၂၀၀၆ ခုနှစ် သစ်တောစိုက်ခင်းများအတွက် ကျင်းတူးခြင်းလုပ်ငန်း၊ ပျိုးဥယျာဉ်လုပ်ငန်းများကို စိုက်ပျိုးရာသီအမီ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ရာ လူသားများအကျိုးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတော်တစ်ဝန်းကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများက မိမိတို့ဒေသ အလိုက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

# တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တံတားများရေတိုက်စားမှုကာကွယ်ရေးစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့ မအူပင်တံတားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က မအူပင်တံတား ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ထားမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။**



**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဗိုလ်မြတ်ထွန်းတံတား ရေထိန်းနံရံ ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**
(ပို့ဆောင်ရေး)

ထို့နောက် ရေဘက်ဆိုင်ရာ အင်ဂျင်နီယာဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက ရေကြောင်းပြောင်းလဲမှုနှင့် ကမ်းထိန်းနံရံများ တည်ဆောက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန်နှင့် မြေထိန်းနံရံများ စနစ်တကျ တည်ဆောက်ရန်တို့ကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပုသိမ်မြို့သို့ ရောက်ရှိပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးတို့အား ပုသိမ်လေဆိပ် လုပ်ငန်းခွင် ရှင်းလင်းဆောင်ဌ မြေသားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ရေနုတ်မြောင်းလုပ်ငန်းပြီးစီးမှုအခြေအနေ၊ လေယာဉ်ပြေးလမ်း အမှတ်အသားရေးဆွဲခြင်း၊ ခြစည်းရိုးကာရံခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အတိုင်း လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်လေဆိပ်၏မြေသားလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

### ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ပုသိမ်တံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးစောလွင်က ပုသိမ်တံတား ရေတိုက်စားမှုကာကွယ်ရန် မြေထိန်းနံရံများ တည်ဆောက်မှုအခြေအနေ၊ ဘိုးပိုင်တည်ဆောက်မှုအခြေအနေ၊ ရေစီးဆင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ရေယာဉ်များ အဝင်/အထွက် စာရင်း၊ ဝန်ထမ်းအင်အားစာရင်း၊ ပုသိမ်–ရန်ကုန် ပြေးဆွဲလျက်ရှိသော ခရီးစဉ်များ အခြေအနေ၊ ရေယာဉ်ပြင်ဆင်မှု အခြေအနေ၊ ကုန်တင်ဆောင်မှုနှင့် ခရီးသည် သယ်ဆောင်မှုအခြေအနေ၊ ခရီးစဉ်အလိုက် ဝင်ငွေရရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး ဝန်ကြီးက ရေယာဉ်များ စနစ်တကျ ခုတ်မောင်းကြရန်နှင့် ခရီးသည်များဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး၊ ဝင်ငွေတိုး၍ သုံးစွဲငွေနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ကြရေး၊ ရေယာဉ်များ ကြံ့ခိုင်မှုရှိရေးတို့ကို မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိရာ ရေဘက်ဆိုင်ရာ အင်ဂျင်နီယာဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက ကမ်းပြိုမှုကာကွယ်ရန်အတွက် အကျယ် ၁၀ပေ၊ အမြင့်နှစ်ပေ သံဆန်ခါနှစ်ထပ်ဖြင့် ပြုလုပ်ထားသော တံတားအောက်ခြေ ရေကာတံတိုင်းပြီးစီးမှု အခြေအနေ၊ ကမ်းထိန်းအစီအမံများနှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းတင်ပြသည်။

### မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတား ရေစားကမ်းပြိုမှုကာကွယ်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်၍ တံတားအောက်ခြေပတ်လည်၌ ရေကာတံတိုင်းတည်ဆောက်မှု၊ မြေထိန်းနံရံ တည်ဆောက်မှု အခြေအနေ၊ သောင်တူးစက်ဖြင့် ရေကြောင်းရှင်းလင်းမှု အခြေအနေ၊ ရေကြောင်းပြအမှတ်အသားများထားရှိမှု အခြေအနေ၊ ဘိုးပိုင်များ တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက နိုင်ငံတော်၏ စီမံကိန်းဝင် တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

## ✻ ပြည်ထောင်စုနေ့မှ

အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့်အတူ ညစာ သုံးဆောင်ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ညစာသုံးဆောင်အပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်ရန်ကုန်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ အနုပညာရှင်များက တေးသံသာများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်ရှိမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် (၀၀၇) ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီနှင့် ဝန်ကြီးများ တက်ရောက်ကြစဉ်။** (စွမ်းအင်)

# မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲ ကျင်းပ

## တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၀၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၁) စစ်ဒေသမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**





ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဋ္ဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးဦးမြင့်ဋ္ဌေးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခရီးသည်တင် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး လမ်းသစ်များ ဖွင့်ပွဲတက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် ဒုတိယအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းက ဘားအံမြို့ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ကောင်စီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဋ္ဌေးနောင်က အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက်၌ ကျင်းပသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဘားအံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါလမ်းသစ်သည် အရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ပေရှိပြီး ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် ၃၆သိန်းတစ်သောင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာနှင့်ကျောက်တန်ဖိုး ငွေကျပ် ၂၀၁၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၆သိန်း နှစ်သောင်း အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

အလားတူ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမှတ်(၄) ရပ်ကွက် သုဝဏ္ဏလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးခင်မောင်မြင့်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သုဝဏ္ဏလမ်းသည် အရှည်ပေ ၁၀၂၀၊ အကျယ် ၁၂ ပေရှိပြီး ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် သိန်းနှစ်ဆယ်လေးသောင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ကိုးသိန်းနှစ်သောင်းတန်ဖိုးရှိ ကတ္တရာ ၄ ဒသမ ၆ တန် စုစုပေါင်း ငွေကျပ် ၂၉ သိန်း ခြောက်သောင်း အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

### ပန္နက်တင်မင်္ဂလာ

ထို့မှတစ်ဆင့် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ အမှတ်(၄) ရပ်ကွက်ရှိ ဘားမဲတောင်ပေါ်တွင် ကျင်းပသည့် ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ရေလှောင်ကန်သစ်ကို အုတ်မြစ်ချ ပန္နက်တင်ပေးကြသည်။

### အားပေး

ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့နယ် မဲဘောင်ကျေးရွာ၌ ကျင်းပသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မဲဘောင်–နောင်ပလိန် ကျေးလက်ကျောက်ချောလမ်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ မဲဘောင်–နောင်ပလိန် လမ်းသစ်သည် အရှည်ပေ ၃၉၀၀၊ အကျယ် ၁၂ ပေရှိပြီး ငွေကျပ် ၃၅ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

### မြေသားလမ်းသစ်ဖွင့်

အလားတူ ဘားအံမြို့နယ် ကော့ထော်ကျေးရွာ မြေသားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျေးရွာ၌ ကျင်းပရာ အစီအစဉ်အရ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သောင်းနှင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြေသားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကော့ထော်ကျေးရွာမြေသားလမ်းသည် လှိုင်းဘွဲလမ်းမကြီးမှ တစ်ဆင့် ကော့ထော်၊ မိဇ–နောင်ကမြိုင်သို့ ဆက်သွယ်သော လမ်းဖြစ်ပြီး လှိုင်းဘွဲကားလမ်းမှ ကော့ထော်ကျေးရွာအထိ အရှည်ပေ ၁၇၀၀၊ လမ်းအကျယ် ၁၈ပေရှိပြီး ငွေကျပ် ၅၅သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့သည်။

(သတင်းစဉ်)

# ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအသင်းက ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေး စောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Continuing Professional Development CPD Forum for General Practice/Family Medicine) ကို မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ဖေဖော်ဝါရီ၂၃ရက် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)




# ကျူးဘားနိုင်ငံ၏ စီးပွားရေး တိုးတက်လာကြောင်း သမ္မတဖီဒယ်လ်ကက်စထရို သုံးသပ်ပြောဆို

ဟာဗားနား ဖေဖော်ဝါရီ ၁၄

**ဆိုဗီယက်ခေတ်လွန်ကာလတွင် စီးပွားရေးကျဆင်းနေခဲ့ရပြီးနောက် ကျူးဘားနိုင်ငံ၏စီးပွားရေးသည် ယခုအခါ ပြန်လည်ရှင်သန် တိုးတက်လျက်ရှိကြောင်း၊ မိမိတို့၏စီးပွားရေးသည် ပြာပုံဘဝမှ ပြန်လည်ရုန်းထလာခဲ့ရပြီး မိမိတို့အစိုးရက စီးပွားရေးလုပ်ငန်းများကို ပိုမိုထိန်းချုပ်လာနိုင်ကြောင်း၊ တရုတ်နိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့ထံမှရရှိသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများသည် မိမိတို့၏စီးပွားရေး ပြန်လည်ရှင်သန်ရေးတွင် အရေးပါကြောင်း သမ္မတ ဖီဒယ်လ်ကက်စထရိုက စနေနေ့တွင် ပြောကြားသည်။**

သမ္မတကက်စထရိုသည်ဘောဂဗေဒ ပညာရှင်များအား ခြောက်နာရီနီးပါး ကြာမျှမိန့်ခွန်းပြောကြားရာတွင်အထက်ပါ အတိုင်း ပြောကြားခြင်း ဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီးနောက် စီးပွားရေးဆိုင်ရာ အကျပ်အတည်းတွေ့ကြုံနေရစဉ်ကာလအတွင်း စီးပွားရေးလုပ်ငန်းများကို မိမိဘာသာမိမိ စီမံအုပ်ချုပ်ခွင့် ပေးခဲ့ရကြောင်း၊ သို့ရာတွင် ယခုအခါ နိုင်ငံပိုင်ကုမ္ပဏီများကို ဗဟိုဦးစီးစနစ်ဖြင့် ထိန်းချုပ်လာနိုင်မှုမှာ နှစ်နှစ်မျှရှိခဲ့ပြီဖြစ်ကြောင်း ကက်စထရိုက ပြောကြားသည်။

## ဖျက်သိမ်း

ကျူးဘားအစိုးရသည် နိုင်ငံခြားငွေကြေးလုပ်ငန်းများ၌လည်း ထိန်းချုပ်မှုများ စတင်ပြုလုပ်နိုင်ခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာကို မိမိတို့နိုင်ငံအတွင်း တရားဝင်သုံးစွဲငွေအဖြစ် သတ်မှတ်ထားခဲ့မှုကို ပြန်လည် ဖျက်သိမ်းနိုင်ခဲ့ကြောင်း၊ နိုင်ငံခြား ကုမ္ပဏီများကို ထိန်းချုပ်နိုင်မည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများ တိုးမြှင့် ချမှတ်နိုင်ခဲ့ကြောင်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများကို ထိန်းချုပ်ကာ အမျိုးသားစီးပွားရေးတွင် နိုင်ငံပိုင်လုပ်ငန်း ပမာဏကို ၉၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ကျူးဘားနိုင်ငံသည် လာမည့် လေးနှစ်တာကာလတွင် နီကယ်နှင့် ကိုဘော့ ဓာတ်သတ္တု ထုတ်လုပ်မှုကို နှစ်ဆမြှင့်တင်မည်ဖြစ်ကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံသို့ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာခြင်းနှင့် ကနေဒါနိုင်ငံမှ ရှားရစ်အင်တာနေရှင်နယ် ကုမ္ပဏီနှင့် ဖက်စပ်လုပ်ငန်း ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း ကျူးဘား ခေါင်းဆောင်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



## အရောင်းဝန်ထမ်းများ တရုတ်တွင် ပိုမိုလိုအပ်

**ပေကျင်း ဖေဖော်ဝါရီ ၁၄**

တရုတ်နိုင်ငံတွင် အရောင်းဝန်ထမ်းများမှာ အများဆုံး အလိုရှိနေသူများ ဖြစ်ကြပြီး ယာဉ်မောင်းများမှာ အလုပ်အကိုင်ရရှိရေးအတွက် အခွင့်အလမ်း အနည်းဆုံးဖြစ်ကြောင်း အလုပ်သမားနှင့်လူမှုလုံခြုံရေးဝန်ကြီးဌာနက ပြုလုပ်သော ဆန်းစစ်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ စက်မောင်း ကျွမ်းကျင်သူများနှင့် အဝတ်အထည်ချုပ်လုပ်သူများမှာလည်း အများဆုံးအလိုရှိနေသူများ စာရင်းတွင် ပါဝင်နေသည်။ အရောင်းအကူများ၊ ငွေကိုင်များနှင့်စာရင်းကိုင်များလိုအပ်မှုမှာ နည်းပါးလျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကင်းလှည့်

**မိုဆူးလ်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့များကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အာဂျင်တီးနားနှင့် ဥရုဂွေး စွမ်းအင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်

**မွန်တီဗီဒီယို ဖေဖော်ဝါရီ ၁၃**

အာဂျင်တီးနားနိုင်ငံနှင့် ဥရုဂွေးနိုင်ငံမှတာဝန်ရှိသူများသည်တောင်အမေရိကတိုက်တွင်စွမ်းအင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့် ပတ်သက်၍ မွန်တီဗီဒီယိုမြို့၌ လာမည့် သီတင်းပတ်အတွင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဥရုဂွေးနိုင်ငံမှ စွမ်းအင်တာဝန်ရှိသူများက သောကြာနေ့က ပြောကြားသည်။

### တွေ့ဆုံ

ဥရုဂွေးနိုင်ငံမှ စက်မှု၊ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီး ဂျို့စ်ဗီလာ၊ အမျိုးသားစွမ်းအင် ညွှန်ကြားရေးမှူး အယ်လ်ဗာရိုဘာမူးဒီးစ်နှင့် နိုင်ငံပိုင် လျှပ်စစ်လုပ်ငန်း ယူအင်အီး၏ဥက္ကဋ္ဌ ရီကာဒိုစကာလီယာတို့သည် အာဂျင်တီးနားနိုင်ငံမှ စက်မှုဝန်ကြီး ဒယ်နီယယ် ကင်မရွန်းနှင့် စွမ်းအင်ညွှန်ကြားရေးမှူး ဂျန်မီရာတို့နှင့် ဖေဖော်ဝါရီ ၁၇ရက်တွင် တွေ့ဆုံကြမည်ဖြစ်သည်။

### စိစစ်

ဒေသတွင်း စွမ်းအင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်နှင့် နိုင်ငံတစ်နိုင်ငံစီ၏ စွမ်းအင်ကဏ္ဍ အခြေအနေများကို တာဝန်ရှိသူများက စိစစ်ကြမည်ဖြစ်သည်။

ဥရုဂွေးနိုင်ငံတွင် လွန်ခဲ့သောလများက မိုးခေါင်ပြီး ရေအားလျှပ်စစ် ထုတ်လုပ်မှု ကျဆင်းခဲ့သဖြင့် အာဂျင်တီးနားနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ စွမ်းအင်အရင်းအမြစ်များကို တင်သွင်းရယူခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ဘာဂ္ဂဒက်တောင်ဘက် ကားဗုံးပေါက်ကွဲ အရပ်သား ၁၈ ဦး သေဆုံး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄**

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တောင်ဘက် ဆေးရုံတစ်ရုံအနီးတွင် စနေနေ့က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ရက်အတန်ကြာကာလအတွင်း ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ရှီးယိုက်တို့၏ ဘာသာရေးပွဲတော်တစ်ခု ကျင်းပရန် နီးကပ်လာစဉ် ယင်းဗုံးကွဲမှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

မူဆေယစ်အရပ်ရှိ ဆေးရုံနှင့် ဒေသဆိုင်ရာရုံးများ တည်နေရာကို ဦးတည်ကာ မော်တော်ကားတစ်စီး မောင်းနှင်ဝင်ရောက်လာပြီး အသေခံဗုံးခွဲခြင်းဖြစ်ကြောင်း၊ အဆောက်အအုံများကို ကာကွယ်ပေးထားသော တံတိုင်းတည်ရှိရာနေရာတွင် ဗုံးပေါက်ကွဲခဲ့ကြောင်း၊ လမ်းပေါ်တွင် ရှိနေသည့် အရပ်သား ၁၈ဦး သေဆုံးရကြောင်း ရဲတပ်ဖွဲ့ဝင်က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ၂၅ဦးခန့် ဒဏ်ရာရရှိပြီး အမေရိကန်တပ်ဖွဲ့က ပေါက်ကွဲမှုဖြစ်ပွားရာနေရာကို ပိတ်ဆို့ထားလိုက်သည်။

***အမ်အင်အေ၊ရိုက်တာ။***

**ဘဂ္ဂဒက်မြို့ မူဆေယစ်အရပ်ရှိ ဆေးရုံအနီးတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




## ဘာဆာရာမြို့တွင် တရားသူကြီးလုပ်ကြံခံရ

**ဘာဆာရာ ဖေဖော်ဝါရီ ၁၄**

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် မျက်နှာဖုံးစွပ်ထားသော သေနတ်သမားများက တရားသူကြီးတစ်ဦးကို စနေနေ့က လုပ်ကြံသွားကြောင်း ဆရာဝန်များက ပြောကြားသည်။

ကာဟာအယ်လ်-အာမီရီ အမည်ရှိ တရားသူကြီး လိုက်ပါလာသော မော်တော်ယာဉ်ကို မျက်နှာဖုံးစွပ်ထားသည့် သေနတ်သမားလေးဦးတို့က ရပ်တန့်ခိုင်းပြီး သေနတ်ဖြင့် ပစ်ခတ်သွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ကြီးဖြစ်သော ဘာဆာရာမြို့၏ မြို့လယ်ကောင်တွင် ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***

## ဖလော်ရီဒါပြည်နယ် လမ်းမပေါ်၌ မွေးကင်းစကလေးငယ်ကို မိဘကစွန့်ပစ်ခဲ့

**မီယာမီ ဖေဖော်ဝါရီ ၁၄**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မြောက်လော်ဒါဒေးလ် အရပ်တွင် မောင်းနှင်သွားသော ကားတစ်စီးအတွင်းမှ ပလတ်စတစ်စဖြင့် ထုပ်ပိုးထားသော ကလေးငယ်တစ်ဦးကို လမ်းဘေးသို့ ပစ်ချထားခဲ့ကြောင်း ရဲများထံမှ ရရှိသောသတင်းအရ သိရသည်။

စွန့်ပစ်ခံရသော ကလေးငယ်မှာ ချက်ကြိုးပင် မဖြတ်ရသေးသောအခြေအနေ၌ရှိပြီး ၎င်းကိုတွေ့လျှင် တွေ့ချင်း ရဲစခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ ထိုကလေးငယ်မှာ ယခုအခါ စိုးရိမ်ရသော အခြေအနေ၌ ရှိသည်ဟုဆိုသည်။ ကလေးငယ်ကို တွေ့ရသောနေ့မှာ ဖေဖော်ဝါရီ၁၀ ရက်က ဖြစ်သည်။

မျက်မြင် တွေ့လိုက်ကြရသူများက အဖြူရောင်ကားတစ်စီး ပေါ်မှ အထုပ်တစ်ထုပ်ကို မြောက်လော် ဒါဒေးလ် အရပ်ရှိ လမ်းတစ်လမ်းပေါ်တွင် ပစ်ချသွားကြောင်း တွေ့လိုက်ကြရသည်ဟု ပြောကြားကြသည်။ အဆိုပါကား၏တံခါး ပွင့်ထွက်လာပြီး အထုပ်တစ်ထုပ်ကို လမ်းဘေးမြက်ခင်းပေါ်သို့ ပစ်ချသည်ကို တွေ့လိုက်ကြရကြောင်း ရဲများထံသို့ ပြောကြားခဲ့ကြောင်း သိရသည်။

လမ်းသွားလမ်းလာများက စွန့်ပစ်ခဲ့သောအထုပ်မှာ လှုပ်လှုပ်ရွရွဖြစ်နေသဖြင့် သွားရောက်ကြည့်ရှုရာ အထုပ်အတွင်း၌ မွေးကင်းစကလေးငယ်ကို တွေ့ကြရသည့်အတွက် ကလေးငယ်ကို တဘက်ဖြင့်ထုပ်ပိုးပြီး ရဲစခန်းသို့ အမြန်ဆုံးပို့ခဲ့ခြင်းဖြစ်သည်။

ပလတ်စတစ်အထုပ်ကို စွန့်ပစ်သွားသောကားအတွင်း၌ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ လိုက်ပါလာသည်ကို မြင်တွေ့ကြရကြောင်း၊ ထိုနှစ်ဦးမှာ ကလေးငယ်ကို မစွန့်ပစ်မီ စကားများကြသည်ကိုလည်း မြင်တွေ့ကြရကြောင်း မျက်မြင်တွေ့ရှိသူများက ရဲစုံစမ်းရေးမှူးများကို ပြောကြားခဲ့ကြသည်။

### အရေးယူခံရမည်

ဖလော်ရီဒါဥပဒေအရ ကလေးငယ်ကို စွန့်ပစ်ခဲ့သည့်အတွက် အရေးယူခံကြရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ထိုဥပဒေအရဆိုလျှင် မိဘနှစ်ပါးသည် ကလေးငယ်ကို မလိုချင်လျှင် မွေးပြီး သုံးရက်ကာလအတွင်း နီးစပ်ရာဆေးရုံ၊ မီးသတ်စခန်းသို့မဟုတ် အရေးပေါ်သူနာပြုဌာနများသို့ လွှဲအပ်နိုင်ခွင့်ရှိကြောင်း သိရသည်။ ထိုကန့်သတ်ချက်အတွင်း တရားဝင်လွှဲပြောင်းပေးလျှင် လွှဲပြောင်းပေးသူမှာ တစ်စုံတစ်ရာ အရေးယူခံရမည်မဟုတ်ကြောင်း သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး အီရတ်တွင်သေဆုံး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄**

အီရတ်နိုင်ငံတွင် သောကြာနေ့က သီးခြားစီဖြစ်ပွားသော မော်တော်ယာဉ်မတော်တဆမှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အမှတ်(၁) မရိန်း လျှပ်တစ်ပြက်တိုက်ခိုက်ရေးတပ်ဖွဲ့တွင် တာဝန်ချထားသော မရိန်းတပ်ဖွဲ့ဝင်တစ်ဦးနှင့် ယင်းတပ်ဖွဲ့၌ပင် တာဝန်ချထားသော မရိန်းတပ်ဖွဲ့ဝင်တစ်ဦးတို့သည် သီးခြားစီဖြစ်ပွားသော မော်တော်ယာဉ် မတော်တဆမှုများကြောင့် သေဆုံးရကြောင်း၊ မရိန်း တပ်ဖွဲ့ဝင်တစ်ဦးသည် ဘဂ္ဂဒက်အနောက်ဘက် အယ်လ်-အန်ဘာ ပြည်နယ်တွင် သေဆုံးရပြီး အခြားမရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်တောင်ဘက် ဘာဘီးလ်ပြည်နယ်မြောက်ဘက်တွင် သေဆုံးရကြောင်း၊ ယင်းဖြစ်ပွားမှုများနှင့် ပတ်သက်၍ စုံစမ်းမှုများလုပ်နေကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# မလေးရှားတွင် ဘာနာမာစီးပွားရေးသတင်းဌာနသစ် ထူထောင်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၄

**မလေးရှားနိုင်ငံ၏ သတင်းအေဂျင်စီဘာနာမာသည် အက်စ်အမ်အက်စ်ခေါ်သတင်းထုတ်ဝေရေးလုပ်ငန်းအစီအစဉ်တစ်ရပ်ကို ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ ထူထောင်လိုက်သည်။**

ထိုသတင်းလုပ်ငန်းအသစ်၏ အမည်အပြည့်အစုံမှာ ဘာနာမာ အက်စ်အမ်အက်စ်ဘစ်ဇ်အလတ် (BERNAMA SMS Biz Alert) ဖြစ်သည်။ ထိုသတင်းလုပ်ငန်းသစ်သည် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်နေသော နောက်ဆုံးသတင်းအခြေအနေများကို နည်းမျိုးစုံဖြင့် အသိပေးနိုင်ရန် ရည်ရွယ်တည်ထောင် ထားခြင်းဖြစ်ကြောင်း ဘာနာမာသတင်းဌာနမှ အထွေထွေမန်နေဂျာ ဆတ်ဒ်ဂျာမေးလ်ဂျဖာက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

**တည်ထောင်**

ယခု ထူထောင်လိုက်သောသတင်းလုပ်ငန်းအသစ်ကို မက်စစ်ကွန်မြူနီကေးရှင်း ဘီအိတ်ဒီမက် စစ်ကုမ္ပဏီနှင့် ပူးပေါင်း တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထိုမက်စစ်ကုမ္ပဏီမှာ မလေးရှားနိုင်ငံ၏ ထိပ်တန်းလက်ကိုင်ဖုန်း ကုမ္ပဏီတစ်ခုဖြစ်သည်။

**ထုတ်လုပ်ပေး**

ထိုဘာနာမာ စီးပွားရေးသတင်းဌာနအသစ်မှ နောက်ဆုံးထွက်ပေါ်လာသော စီးပွားရေးသတင်းများကို အင်္ဂလိပ်ဘာသာအပြင် မန်ဒရင်တရုတ်ဘာသာဖြင့်လည်း ထုတ်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာသတင်းများကို ၂၀၀၅ခုနှစ် ဇန်နဝါရီလလယ်ပိုင်းကတည်းကစတင်ခဲ့ပြီး တရုတ်ဘာသာသတင်းများကို ဖေဖော်ဝါရီလကုန်ပိုင်းတွင်မှစ၍ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ သတင်းများကြည့်ရှုခနှုန်းထားမှာ တစ်လလျှင် ၂ ဒသမ ၁ အမေရိကန် ဒေါ်လာသို့မဟုတ် ရှစ်ရင်းဂစ်ပေးရမည်ဖြစ်ကြောင်း အထွေထွေမန်နေဂျာ ဆတ်ဒ်က ပြောကြားသည်။

မလေးရှား ပြန်ကြားရေးဝန်ကြီးဌာနသည် ဘာနာမာသတင်းဌာနကို ၁၉၆၈ ခုနှစ် ကတည်းက စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ယခုနှစ် ဇန်နဝါရီလ၌ ထုတ်လုပ်မှုကဏ္ဍ တိုးတက်မှုနှုန်း ပိုမိုမြင့်မားလာသော စင်ကာပူနိုင်ငံတွင် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိသည်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ယူနီဆက်က အင်ဒိုနီးရှားဒုက္ခသည်များအတွက် ကာယ်ဆယ်ရေးပစ္စည်းများ ပေးလှူ

**ဂျကာတာ ဖေဖော်ဝါရီ ၁၄**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)သည် အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်မှ ဆူနာမီ မုန်တိုင်းဒဏ်ခံဒုက္ခသည်များအတွက် ခြင်ထောင်အလုံးပေါင်း ၂၀၀၀၀ ထောက်ပံ့ပေးလှူပြီးဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ထိုခြင်ထောင်များအနက် ထက်ဝက်မှာ အာချေးအနောက်ဘက်ရှိ မူလာဘိုအရပ်မှ ဒုက္ခသည်များအတွက် ပေးလှူပြီးဖြစ်သည်။ ကျန်ခြင်ထောင်များကို အာချေးဘီဆာနှင့် ဘန်းအရပ်မှ ဒုက္ခသည်များအတွက် မကြာမီဆက်လက်ပေးဝေသွားမည်ဖြစ်ကြောင်း ယူနီဆက်မှ ရှန်သာဘိုလ်မန်က ပြောကြားသည်။ ထိုခြင်ထောင်များသည် ခြင်အန္တရာယ်ကာကွယ်နိုင်ရန်အတွက် ပိုးသတ်ဆေးစိမ်ကာ အထူးစီမံပေးထားသော ခြင်ထောင်များ ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါအကူအညီအပြင် အာချေးဒေသမှ ကလေးများပညာရေးအတွက်လည်း ယူနီဆက်က ဆက်လက် အကူအညီ ပေးသွားမည်ဖြစ်ကြောင်း သူမက ဖြည့်စွက် ပြောကြားခဲ့သည်။

ဘန်ဒါအာချေးဒေသရှိ မူလတန်းကျောင်းသားပေါင်း ၅၆၀၀၀ တို့အတွက် ကျောင်းပစ္စည်း အထုပ်ပေါင်း ၇၀၀ ကျော်နှင့် အားကစားပစ္စည်းအထုပ်ပေါင်း ၂၈၀ တို့ကို ပေးဝေသွားမည်ဖြစ်ကြောင်း ရှန်သာ၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဟောင်ကောင်တွင် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးရန်အားပေး

**ဟောင်ကောင် ဖေဖော်ဝါရီ ၁၄**

ဟောင်ကောင်အုပ်ချုပ်ရေးအဖွဲ့သည် ဒေသတွင်းရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးစေရန်အတွက် အကြီးအကျယ်အားပေးလျက်ရှိသည်။ အင်္ဂလိပ်အစိုးရက ဟောင်ကောင်ကျွန်းကို တရုတ်ပြည်မသို့ ပြန်လည်လွှဲအပ်သော ၁၉၉၇ ခုနှစ်ကတည်းက စတင်၍ အဆိုပါအားပေးလုပ်ဆောင်မှုမျိုးကို စခဲ့ခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့် ဖျော်ဖြေရေးအဖွဲ့၏ လိုင်စင်ထုတ်ပေးရေးဌာနမှအကြီးအကဲ လောနာဝေါင်းက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဟောင်ကောင်ရုပ်ရှင်လုပ်ငန်းသည် ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် အစိုးရက အားပေးထောက်ပံ့မှုများလုပ်ဆောင်ခဲ့ကြောင်း ရေဒီယိုတွေ့ဆုံမေးမြန်းခန်း၌ ဝေါင်းက ပြောဆိုခဲ့သည်။

ဟောင်ကောင်အုပ်ချုပ်ရေးအဖွဲ့သည် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရန် ရန်ပုံငွေ ဟောင်ကောင် ဒေါ်လာ သန်း ၅၀ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၂ သန်း) စတင်တည်ထောင်မတည်ပေးထားသည်။ ဒေသတွင်းရုပ်ရှင်ရိုက်ကူးလိုသူများကိုလည်း ထိုရန်ပုံငွေဖြင့် ကူညီဆောင်ရွက်ပေးနေကြောင်းဝေါင်းကပြောကြားသည်။

၂၀၀၃ ခု ဧပြီလမှစ၍ အဆိုပါ ရန်ပုံငွေများ သုံးစွဲခွင့်ရရှိရန်အတွက် လျှောက်လွှာ ခြောက်စောင်ကို လက်ခံခဲ့ပြီး သုံးစွဲမှုခွင့်ပြုငွေစုစုပေါင်း ဟောင်ကောင်ဒေါ်လာ ၁၄ သန်းရှိသွားပြီဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



# အိန္ဒိယပြည်ပပို့ကုန်တင်ပို့မှု လျာထားချက်ထက် ကျော်လွန်ဖွယ်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၄**

အိန္ဒိယနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်၏ ပထမ ၁၀ လတာ ကာလတွင် ၂၆ ရာခိုင်နှုန်း တိုးတက်လာကာ အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံအထိ ရောက်ရှိလာကြောင်း၊ လက်ရှိဘဏ္ဍာရေးနှစ်အတွက် လျာထားချက်ထက် ၁၆ ရာခိုင်နှုန်း ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း ပီတီအိုင်သတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

**— ဖော်ပြ —**

၂၀၀၅ ခုနှစ် ဇန်နဝါရီလ၏ ပြည်ပပို့ကုန် တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဘီလီယံဖိုး ရှိမည်ဟု ခန့်မှန်းရကြောင်း အစိုးရကထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်ကို ကိုးကားလျက် ပီတီအိုင်က ဖော်ပြသည်။

**— တင်ပို့ —**

အိန္ဒိယနိုင်ငံ၏ ကုန်စည်တင်ပို့မှု ပမာဏသည် လျာထားချက်ထက် ကျော်လွန်မည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကာမဲလ်နတ်က ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၄ ဘီလီယံဖိုး ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အရက်နှင့် ဆေးလိပ် ကြော်ငြာများ ကင်ညာတွင် တားမြစ်

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၄**

ကင်ညာနိုင်ငံသည် အရက်နှင့်ဆေးလိပ် ကုမ္ပဏီများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ကျောင်းများနှင့် တက္ကသိုလ်များအနီးတွင် ကြော်ငြာခြင်းကို တားမြစ်လိုက်ကြောင်း ဆက်တဒေးနေးရှင်း သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

ကျောင်းများမှ သုံးကီလိုမီတာပတ်လည် နေရာအတွင်း မည်သည့်ကြော်ငြာသင်ပုန်းများ၊ နံရံကပ် ပန်းချီပုံများနှင့် ပိုစတာများကိုမျှ စိုက်ထူကြော်ငြာခြင်းမပြုရန် ကင်ညာဈေးကွက်စီးပွားရေးအဖွဲ့က ညွှန်ကြားချက်ထုတ်ပြန်လိုက်သည်။

ကြော်ငြာနည်းဥပဒေနှင့် ပတ်သက်၍ မူးယစ်ဆေးဝါး အလွဲသုံးမှုတိုက်ဖျက်ရေး အမျိုးသားအေဂျင်စီ၏ သုံးသပ်ချက်အရ ယခုညွှန်ကြားချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

အသက်၁၈နှစ်အောက်ကျောင်းသားများရှိသည့် ကျောင်းများနှင့် တက္ကသိုလ်များအနီးတွင် ကြော်ငြာပစ္စည်းအားလုံးကို ဖယ်ရှားပစ်ရန် ကင်ညာဈေးကွက်စီးပွားရေးအဖွဲ့က အရက်နှင့်ဆေးလိပ်ကြော်ငြာသမားများနှင့် ကြော်ငြာကုမ္ပဏီများကို ညွှန်ကြားထားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***




# ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်မှုကို လိုလားသည့် နိုင်ငံခြားရေးမူဝါဒကို ရုရှားဆက်လက်ကျင့်သုံးမည်

**မော်စကို ဖေဖော်ဝါရီ ၁၄**

ရုရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် လိုလားသော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရုရှားနိုင်ငံသည် အရှေ့တိုင်းနိုင်ငံများနှင့်ရော အနောက်တိုင်းနိုင်ငံများနှင့်ပါ ဆက်ဆံရေးတိုးတက် ကောင်းမွန်ရန် လိုလားကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးတိုးတက်မြင့်မားစေမည့် နိုင်ငံခြားရေးမူဝါဒကို မိမိတို့ ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း လက်ဗ်ရော့ဗ်က ပြောကြားသည်။

မိမိတို့သည် ယဉ်ကျေးမှုအရလည်းကောင်း၊ ဘာသာရေး အရလည်းကောင်း မတူ ကွဲပြားခြားနားသော နိုင်ငံများနှင့် ဆွေးနွေးမှုများမြင့်တင်ရန်ဟူသောအချက်မှာ သမ္မတဗလာဒီမာပူတင်၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အဆိုပြုချက်နှင့် အညီအညွတ်ဖြစ်ကြောင်း လက်ဗ်ရော့ဗ်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းကုမ္ပဏီက ထုတ်လုပ်ထားသော နုတ်ဘွတ်ခ် ကွန်ပျူတာသစ်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ပါကစ္စတန်တွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်

**ကွီတာ ဖေဖော်ဝါရီ ၁၄**

ပါကစ္စတန်နိုင်ငံသည် နိုင်ငံအနောက်တောင်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုဒဏ် ခံရသည့် လူပေါင်း ၂၀၀၀၀အတွက် ကယ်ဆယ်ရေးလုပ်ငန်း တစ်ရပ်ကို စတင်လိုက်ကြောင်း၊ ရေကြီးမှုနှင့်နှင်းတောင်ပြိုကျမှုတို့ကြောင့် နိုင်ငံတစ်ဝန်းတွင် လူပေါင်း ၂၆၀ ကျော်သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**သေဆုံး**

အာဖဂန်နစ္စတန်နိုင်ငံ၏ တောင်ထူထပ်သောဒေသများနှင့် ကက်ရှ်မီးယားဒေသတွင်လည်း နှင်းတောင်ပြိုကျမှုကြောင့် သေဆုံးမှုများရှိခဲ့သည်။ ပါကစ္စတန်နိုင်ငံက အများဆုံး ခံခဲ့ရသည်။

တာဝန်ရှိသူများသည် ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များကို ထောင်နှင့်ချီပြီး ဘလူးချစ္စတန်ပြည်နယ်သို့ စေလွှတ်ခဲ့သည်။

**ပြောကြား**

ကြာသပတေးနေ့တွင် ရေကာတာကျိုးပေါက်မှုကြောင့် လူပေါင်း ၅၀၀ ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့မှ ပြောခွင့်ရသူ ရာဇတ်ဘတ်တီက ပြောကြားသည်။

**ဆုံးရှုံး**

ဘလူးချစ္စတန်ပြည်နယ်ရှိ ထောင်ပေါင်းများစွာသော မိသားစုများ၏ နေအိမ်များ၊ ကောက်ပဲသီးနှံများနှင့် မွေးမြူထားသော တိရစ္ဆာန်များ ဆုံးရှုံးခဲ့ရကြောင်း သတင်းစာများက ဖော်ပြသည်။***အမ်အင်အေ၊ ရိုက်တာ။***

# အငြိမ်းစားတို့ စကားဝိုင်း(၅)

**ဟိန်းမြင့်**

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၁/၂၀၀၅)တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က...

**"ယနေ့ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ ပထမအဆင့်လည်းဖြစ် အရေးကြီးဆုံးကိစ္စလည်းဖြစ်သည့် အမျိုးသားညီလာခံကို ကျင်းပလျက် ရှိနေကြောင်း၊ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အမျိုးသားညီလာခံ၏ အခန်းကဏ္ဍတစ်ရပ်ကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း"**

**"ယခုတစ်ဖန် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမျိုးသားညီလာခံကို ထပ်မံကျင်းပပြုလုပ်သွားမှာဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်းအသီးသီးတို့မှ မြို့နယ်အဆင့်အထိ ပါဝင်သည့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ တရားဝင်ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များ အသီးသီးတို့ ပါဝင်ညှိနှိုင်းဆွေးနွေးကြမည့် ညီလာခံကြီးဖြစ်ကြောင်း"**

**"ယင်းညီလာခံကြီးက ညှိနှိုင်းဆွေးနွေး သဘောတူရရှိခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့် မူများအပေါ်တွင် အခြေခံပြီး အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသွားကြမှာဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးမှာ အရေးကြီးကြောင်း၊ ဤညီလာခံကြီးကို ဖျက်လိုဖျက်ဆီး ပြုလုပ်လိုကြသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ မိမိတို့ စစ်မှုထမ်းဟောင်းအဖွဲ့များကလည်း အခြားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မပေါ့သော သတိ၊ မလျော့သော လုံ့လဝီရိယတို့ဖြင့် စောင့်ကြပ်ကြည့်ရှုပြီး ဟန့်တား ကာကွယ်သွားကြရမှာဖြစ်ကြောင်း"** ပြောကြားသွားခဲ့ပါသည်။

ထို့ပြင် နေ့စဉ်ထုတ်သတင်းစာများနှင့် ရုပ်မြင်သံကြားတို့တွင် ဇန်နဝါရီလ ၂၅ ရက်နေ့မှစ၍ နေ့စဉ်လိုလိုပင် မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်အသီးသီးတို့၌ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားတို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပါဝင်တက်ရောက်၍ ကျင်းပပြုလုပ်နေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။

သို့ပါ၍ အမျိုးသားညီလာခံနှင့် ဆက်စပ်ပြီး ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် စကားဝိုင်းဖွဲ့မိကြပါသည်။

"အမျိုးသားညီလာခံကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ ဆက်လက်ကျင်းပသွားတော့မယ် မဟုတ်လား"

"ဟုတ်ပ၊ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့က ဇူလိုင်လ ၉ ရက်နေ့ အထိ အပိုင်းတစ်ပိုင်းကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်ခဲ့ပြီးလို့ အခုဆက်လက်ကျင်းပမှာလေ"

"အမျိုးသားညီလာခံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းသွားဖို့အတွက် အခြေခံအကျဆုံး၊ အရေးကြီးဆုံးအဆင့်တစ်ဆင့်ပဲ မဟုတ်လား"

"အေးလေကွာ၊ အနာဂတ်နိုင်ငံတော်ကြီးအတွက် အသက်သွေးကြောပမာ အရေးပါတဲ့ ခိုင်မာတောင့်တင်း ပြည့်စုံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ဖို့ အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေကို ချမှတ်ပေးကြမယ်လေ၊ ဒါကြောင့် နိုင်ငံအတွက် အရေးကြီးဆုံးပဲဟ"

"အခုလို ဒီမိုကရေစီအတွက် လုပ်ဆောင်နေကြတာကို ဒီမိုကရေစီကိုပဲ လိုချင်ပါတယ်ဆိုတဲ့ပါတီနဲ့ နိုင်ငံရေးသမားအချို့က ဘာဖြစ်လို့ ဆန့်ကျင်ကန့်ကွက်နေကြတာလဲ"

"၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ အဲဒီပါတီလည်း တက်ခဲ့တာပဲလေ၊ အခြေခံမူ(၁၀၄)ချက်ကိုတောင် အားလုံးသဘောတူညီ ချမှတ်ခဲ့သေးတယ်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း မယ်ဒလင်းအောလ်ဘရိုက်နဲ့ ဟိုအမျိုးသမီးတွေ့ပြီး ဘာတွေဩဝါဒပေးလို့ ဘာတွေမက်လုံးပေးသွားသလဲတော့မသိဘူး၊ NLDပါတီ ကိုယ်စားလှယ်တွေလဲ ညီလာခံကို ကျောခိုင်းထွက်သွားတော့တာပဲ"

"ရှင်းရှင်းလေးပါကွာ၊ လူပုဂ္ဂိုလ်တစ်ဦးအတွက်ကိုပဲ အလေးထားနေကြတော့ သူတို့စိတ်ကြိုက် မလုပ်နိုင်တာမို့ နိုင်ငံအကျိုးထက် ပုဂ္ဂိုလ်တစ်ဦးရဲ့အကျိုးက ပိုမိုအရေးကြီးတယ်ဆိုတဲ့ ခံယူချက်နဲ့ ကျောခိုင်းသွားတာ ထင်ရှားပါတယ်"

"အခုလည်း သူတို့ရဲ့ လိုလားချက်တွေရမှ တက်မယ်ဆိုပဲဟ၊ သူတို့မှမပါရင် နိုင်ငံအတွက် လိုအပ်ချက်တွေ ဘာမှလုပ်ဆောင်လို့ မရတော့ဘူးလို့ အထင်ကြီးပြီး သွေးနားထင်ရောက်နေကြတယ် ထင်ပ"

"ပြည်ပကသြဇာပေးနေကြတဲ့ ဆရာကြီးတွေကလည်း မြှောက်ပေးနေကြတော့ သူတို့ မြှောက်ပေးသလို အဟုတ်ကြီး၊ အကောင်းကြီးထင်ပြီး လိုက်လုပ်နေကြတော့ ခက်တော့ ခက်တာပဲကွာ"

"နိုင်ငံတကာ အဖြစ်အပျက်တွေကို လေ့လာဆန်းစစ်ရင် သင်ခန်းစာယူစရာတွေ အများကြီးပါကွာ၊ သတိတရားတော့ ရှိသင့်ပါပြီ"

"ဟိုနိုင်ငံကြီးကလဲ ဘာလို့များ ဒို့နိုင်ငံအပေါ် ဖိအားတွေပေး၊ အမျိုးမျိုးဒုက္ခတွေပေးပြီး ဗိုလ်ကျစိုးမိုးရေးလုပ်နေသလဲတော့ မသိဘူး"

"ရှင်းပါတယ် သူငယ်ချင်းရာ၊ ကမ္ဘာတစ်ခုလုံးကို ဗိုလ်ကျစိုးမိုးချင်တယ်၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတို့မှာ ထိပ်ဆုံးနေရာက အမြဲနေချင်တော့ မဟာဗျူဟာတွေ၊ နည်းဗျူဟာတွေချမှတ်ပြီး လုပ်ဆောင်နေကြတာပါ"

"မြန်မာနိုင်ငံက အငယ်လေးပါကွာ၊ သူတို့အတွက် ဘယ်လိုအကျိုးများရှိလို့လဲဟ"

"ကမ္ဘာမှာ သူတို့ကို ယှဉ်ပြိုင်နိုင်မယ့် နိုင်ငံကအနည်းငယ်ပဲရှိတယ်လေ၊ ဒို့မြန်မာနိုင်ငံကလည်း တရုတ်၊ အိန္ဒိယတို့နဲ့ မြေပြင်ချင်းက တစ်ဆက်တည်းဖြစ်နေတယ်။ ဒါ့အပြင် မြောက်ဘက်နတ်မြစ်ဝကနေ တောင်ဘက်ဘုရင့်နောင်အငူအထိ မိုင်ပေါင်း ၁၃၈၅ မိုင်ခန့် ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းရှိတယ်။ ကမ်းခြေကနေပြီး သီးသန့် စီးပွားရေးဇုန်အထိ ဧရိယာစတုရန်းမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော် ကျယ်ဝန်းတဲ့ ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားတယ်၊ ပင်လယ်ရေလမ်းခရီးမှာ အဓိကကျတဲ့ မလက္ကာရေလက်ကြားနဲ့လည်း ဆက်စပ်နေတယ်လေ၊ဒါကြောင့် နိုင်ငံရေးပထဝီဝင် အနေအထားအရ တို့နိုင်ငံကို ထိန်းချုပ်ထားနိုင်ရင်၊ သူကြိုးဆွဲတိုင်းကမယ့် ရုပ်သေးအစိုးရကို တင်ထားနိုင်ရင် သူ့ကိုယှဉ်လာနိုင်မယ်လို့ သုံးသပ်ထားတဲ့ နိုင်ငံတွေကို ရေပြင်၊ မြေပြင်တို့ကနေ စောင့်ကြပ်ထိန်းချုပ်ထား နိုင်မယ့်အပြင် အချက်အချာကျတဲ့ မလက္ကာရေလက်ကြားကိုပါ တစ်ပါတည်း ဆက်စပ်ထိန်းချုပ်ထားနိုင်မယ်လေ"

"အေးကွာ၊ ဒို့က ဒီလိုစစ်ရေးအမြင်မရှိတော့ မခန့်မှန်းတတ်ဘူးကွာ၊ အခုမှပဲ ရှင်းတော့တယ်၊ ဒါကြောင့် ဆူနာမီရေဘေးဒုက္ခကို ကူညီနေရင်းနဲ့ မလက္ကာရေလက်ကြားဆိုင်ရာ အချက်အလက်တွေကို စုံစမ်းလေ့လာနေတယ်လို့ အင်ဒိုနီးရှားက ပြောဆိုခဲ့တဲ့သတင်းကို သတင်းစာမှာ မြင်တွေ့ခဲ့ရတာ အခုမှပဲ ဆက်စပ်တွေးမိတော့တယ်"

**ဟိုအဝေးမှာရှိတဲ့ နိုင်ငံကြီးတစ်ခုက နိုင်ငံပေါင်းစုံက ပြေးလာတဲ့ ပြည်ပြေးအဖွဲ့တွေကို မွေးထား ကျွေးထား၊ ပေးကမ်းထားပြီး ပစ်မှတ်နိုင်ငံတစ်ခုနဲ့ ပတ်သက်လာရင် အဲဒီပစ်မှတ်နိုင်ငံက ပြည်ပြေးအဖွဲ့တွေကိုပဲ အသုံးချနေတာကို နိုင်ငံတိုင်း သိကြပါတယ်၊ သူ့နိုင်ငံ အကျိုးအတွက် တပည့်လက်ရင်းတွေကို လက်သပ်မွေး ခိုင်းစားနေတာ ကြာပါပကောကွာ၊**

"ပြည်ပြေး၊ ဝရမ်းပြေးအဖွဲ့တွေလည်း တမော့်ပဲကွ၊ အဆိုးမြင်ဘက်ကနေ အမြဲကြည့်လို့ နိုင်ငံအတွက် အဖျက်လုပ်ငန်းတွေကိုပဲ ပြောဆိုဖန်တီးလုပ်ဆောင်နေကြတယ်"

"အဲဒီလိုပြော၊ အဲဒီလို လုပ်မှလဲ သူတို့ကို ထောက်ပံ့ပေးကမ်းနေကြတဲ့ ဆရာကြီးတွေက ကြိုက်ကြမှာလေ၊ ဒါမှလဲ သူတို့ စားဝတ်နေရေး အဆင်ပြေမယ် မဟုတ်လား၊ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ အဖွဲ့သားတွေပဲ"

"ဟိုအဝေးမှာရှိတဲ့ နိုင်ငံကြီးတစ်ခုက နိုင်ငံပေါင်းစုံက ပြေးလာတဲ့ ပြည်ပြေးအဖွဲ့တွေကို မွေးထား ကျွေးထား၊ ပေးကမ်းထားပြီး ပစ်မှတ်နိုင်ငံတစ်ခုနဲ့ ပတ်သက်လာရင် အဲဒီ ပစ်မှတ်နိုင်ငံက ပြည်ပြေး အဖွဲ့တွေကိုပဲ အသုံးချနေတာကို နိုင်ငံတိုင်း သိကြပါတယ်၊ သူ့နိုင်ငံ အကျိုးအတွက် တပည့်လက်ရင်းတွေကို လက်သပ်မွေး ခိုင်းစားနေတာ ကြာပါပကောကွာ၊ ဒို့ဆီက ဝရမ်းပြေးတွေ၊ ပြည်ပြေးတွေအနေနဲ့လည်း သူတို့ချမ်းသာကြွယ်ဝဖို့၊ အနေအစားချောင်ဖို့၊ ဒေါ်လာမြက်မြက်ကလေးရဖို့ပဲ စဉ်းစားလုပ်ဆောင်နေကြတာ၊ ဘာလုပ်ရင် နိုင်ငံအတွက် ဘယ်လိုဘေးဒုက္ခဆိုးကျိုးတွေ ဖြစ်ပေါ်လာနိုင်တယ်ဆိုတာ ထည့်စဉ်းစားတတ်ကြတာမျိုးမှ မဟုတ်တာ"

"ဖေဖော်ဝါရီ ၁ ရက်နေ့က သတင်းထုတ်ပြန်ရေးကော်မတီရဲ့ သတင်းစာရှင်းလင်းပွဲမှာ ရဲချုပ်က ပြည်ပရောက် အဖျက်သမားအဖွဲ့အစည်းတွေ အဖျက်လုပ်ရပ်တွေလုပ်ဖို့ ဘယ်လိုစီမံနေကြတယ်ဆိုတာကို ရှင်းပြသွားတာတွေ့ရတယ်"

"အဲဒီမှာ ပြည်ပြေးစိန်ဝင်းက ဇန်နဝါရီလ ၁၂ ရက်မှာ နိုင်ငံခြားသားအချို့နဲ့ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများထံကို မြန်မာအစိုးရအပေါ် ဆန့်ကျင်ဖို့အတွက် ရန်ပုံငွေထည့်ဝင်ရေးဆိုပြီး သွေးထိုးလှုံ့ဆော်စာများ ပေးပို့ဖြန့်ချိကာ တစ်ဖက်က ကိုယ်ကျိုးရှာရင်း တစ်ဖက်ကလည်း အဖျက်လုပ်ရပ်များ ပူးပေါင်းကျူးလွန်ရန် စည်းရုံးလှုပ်ရှားနေကြောင်း အထောက်အထားတွေ ရရှိထားတယ်လို့ရှင်းပြသွားတယ်"

"ပြည်သစ်ညွန့်ဝေ (ခ) မောင်မောင်ကလည်း နောက်ထပ် စင်ပြိုင်အစိုးရတစ်ခုဖွဲ့ဖို့ ကြိုးစားနေတယ်လို့ သိရတယ်ဟ၊ အဲဒီမှာ သူက ဝန်ကြီးချုပ်နေရာရအောင် လုပ်နေဆိုပဲ"

"အဝေမတည့်ကြတော့ စားခွက်လုနေကြတဲ့ သဘောပါပဲဗျာ"

"ဖောက်ခွဲရေးအဖွဲ့တွေ စေလွှတ်ဖို့ ကြိုးစားနေတယ်ဆိုတာကိုတော့ ပြည်သူအားလုံး သတိရှိကြရမှာပေါ့ကွာ၊ အရင် ၂၀၀၄ ခုနှစ် မေလက ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကာလမှာလည်း ရန်ကုန်ဘူတာကြီး တစ်ဝိုက်မှာ ဗုံးပေါက်ကွဲမှုတွေရှိခဲ့တယ် မဟုတ်လား"

"ဒါကြောင့် အတွင်းရေးမှူး(၁)က အမျိုးသားညီလာခံကြီးကို ဖျက်လိုဖျက်ဆီးလုပ်လိုကြတဲ့ ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို မပေါ့သောသတိ၊ မလျော့သော လုံ့လ ဝီရိယတို့နဲ့ စောင့်ကြပ်ကြည့်ရှုပြီး ဟန့်တား ကာကွယ်တားဆီးကြဖို့ သတိပေးခဲ့တာပေါ့"

"အေးလေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ကြိုတင်ကာကွယ်သလို ပြည်သူလူထုအားလုံးကလည်း ပူးပေါင်းပြီး သတင်းပေးဖော်ထုတ်တားဆီးကြရမှာပေါ့ကွာ၊ ဒါမှလည်း အဖျက်အမှောင့်သမားတွေရဲ့ လုပ်ရပ်တွေကို ကာကွယ် တားဆီးချေမှုန်းနိုင်မှာပေါ့"

"ဒီမိုကရေစီအတွက် ရှေးရှုပြီး အကောင်အထည်ဖော် လုပ်ဆောင်နေတဲ့ အမျိုးသားညီလာခံကို ဒီမိုကရေစီ ပေါ်ပေါက်ထွန်းကားရေးအတွက် လုပ်နေတာပါလို့ တဖွဖွဆိုနေတဲ့ နိုင်ငံကြီးက ဘာလို့များ ကန့်ကွက်နေလဲမသိဘူး"

"သဘောတူလက်ခံပြီးတဲ့ အခြေခံမူ (၁၀၄) ချက်နဲ့ အသေးစိတ်အခြေခံရမယ့်မူများမှာ 'နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု'ဆိုတဲ့ အချက်ပါတယ်ဟ၊ ဒီအချက်က သူ့အရှိုက်ကို အထိုးခံလိုက်ရတဲ့ သဘောမျိုးဖြစ်တယ်လေ။ ဒို့နိုင်ငံကို စိုးမိုးထိန်းချုပ်လိုတာက သူ့တပ်တွေကို အကြောင်းအမျိုးမျိုးပြလို့ ပင်လယ်ပြင်နဲ့ ကုန်းတွင်းနေရာတွေမှာချထားပြီး အာရှဒေသကို စစ်ရေးအရ ဝိုင်းပတ်ထိန်းချုပ်ထားချင်တာ မဟုတ်လား"

"သြော်–ဒါကြောင့်ကိုး"

"နိုင်ငံရေးသမားဟောင်းကြီးတွေဆိုတဲ့ ပုဂ္ဂိုလ်အချို့ကလည်း တပ်မတော်အစိုးရရယ်၊ NLD ရယ်၊ တိုင်းရင်းသားအဖွဲ့တွေရယ် သုံးပွင့်ဆိုင်ဆွေးနွေးကြဖို့ ပြောဆိုနေကြတာတွေရှိတယ်"

"အေးလေ၊ သာမန်ကြည့်ရင် ရိုးရိုးသားသားနဲ့ အကြံပေး ပြောဆိုတယ်လို့ထင်ရပါတယ်။ ဒါပေမယ့် တစ်ဖက်က ပြန်ကြည့်ရင် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကျင်းပနေတဲ့ အမျိုးသားညီလာခံကို သွယ်ဝိုက်ပြီး အသိအမှတ်မပြု ဆန့်ကျင်တဲ့ သဘောကို ဆောင်နေတယ်"

"ပါတီတစ်ဖွဲ့၊ ပုဂ္ဂိုလ်တစ်ဦးရဲ့အရေးကိုပဲ ရှေ့တန်းတင်တဲ့ သဘောပဲလို့ ဆိုနိုင်ပါတယ်"

"ပြီးခဲ့တဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ပေါင်း ၁၀၈၆ ဦး ရှိတယ်၊ အဲဒီကိုယ်စားလှယ်တွေထဲမှာ ပြည်နယ်၊ တိုင်းအသီးသီးမှ မြို့နယ်အားလုံးကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ ကိုယ်စားလှယ်တွေက ၆၀၀ ကျော်ပါတယ်၊ အလုပ်သမား၊ လယ်သမား ကိုယ်စားလှယ်တွေပါတယ်၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားရေးဆိုင်ရာတွေမှာ အတွေ့အကြုံရင့်ကျက် ကျွမ်းကျင်သူ အတတ်ပညာရှင်၊ အသိပညာရှင်တွေနဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်တွေပါတယ်၊ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တွေပါတယ်၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်တွေပါတယ်၊ အထူးခြားဆုံးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတဲ့ တိုင်းရင်းသား ကိုယ်စားလှယ်တွေလည်းပါတယ်၊ အားလုံးအစုအဖွဲ့ ရှစ်ဖွဲ့ရှိတယ်၊ လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားမျိုးစုံ ကိုယ်စားလှယ်များအားလုံး အစုံအလင်ဆုံး ပါဝင်တဲ့ ညီလာခံကြီးပဲ"

"ဖေဖော်ဝါရီ ၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ ပြန်ကြားရေးဝန်ကြီးက ယခင်အမျိုးသားညီလာခံများမှ လုပ်ဆောင်ပြီးစီးခဲ့မှုတွေကို အတိုချုပ်ရှင်းပြထားတယ်၊ အခုကျင်းပမယ့် ညီလာခံအတွက်လည်း မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်နေ့အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကို တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ်စာရင်းအတိုင်း ဖိတ်ကြားခဲ့ပြီးကြောင်းနဲ့ အစုအဖွဲ့လိုက် အင်အားတွေကိုပါ ဖော်ပြရှင်းလင်းထားတယ်"

"ဒါကြောင့် အခုအမျိုးသားညီလာခံဟာ မြန်မာ့သမိုင်းတစ်လျှောက် ကျင်းပခဲ့ဖူးသော အမျိုးသားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများအနက် အကျယ်ပြန့်ဆုံး၊ အမြင့်မားဆုံး ညီလာခံကြီးဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်"

"သုံးပွင့်ဆိုင် ဆွေးနွေးပွဲထက် ပိုမိုကျယ်ပြန့် မြင့်မားပြီး တစ်မျိုးသားလုံးအရေးကို ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆုံးဖြတ်ကြမှာမို့ အမျိုးသားညီလာခံသည်သာ စစ်မှန်သော ညီလာခံဖြစ်တယ်၊ အနာဂတ်နိုင်ငံအတွက် အရေးကြီးဆုံးသော ညီလာခံလည်းဖြစ်တယ်"

"ညီလာခံက အတည်ပြုဆုံးဖြတ်ကြမယ့် အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေအတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြမယ်၊ ရေးဆွဲပြီးရင် ပြည်သူလူထုထံကို ချပြပြီးဆန္ဒခံယူမယ်။ ပြည်သူလူထုက ထောက်ခံတယ်ဆိုမှ အတည်ပြုမှာဖြစ်တဲ့အတွက် ဒီမိုကရေစီအကျဆုံး လုပ်ဆောင်နေမှုပဲလို့ ဆိုရမှာပါ"

"အေးကွာ–ဒါကြောင့် အခုမြန်မာပြည်အနှံ့ မြို့နယ်တွေမှာ ထောက်ခံပွဲတွေ ကျင်းပနေကြတာ အားရစရာပါပဲကွာ၊ ဒို့လည်း ကြိုဆိုထောက်ခံရမှာပဲ"

"ဒို့တင်ဘယ်ကမလဲ၊ နိုင်ငံအကျိုးအတွက် အမှန်လိုလားသူများ အားလုံးကလည်း ထောက်ခံကြရမှာပဲ မဟုတ်လား၊ ထောက်ခံရင်းနဲ့အတူ အဖျက်သမားတို့ရဲ့ အဖျက်အမှောင့်လုပ်ငန်းတွေကိုလည်း မျက်ခြည်မပြတ် သတိရှိကြ၊ ကြိုတင်ဖော်ထုတ် ကာကွယ်တားဆီး ကြရမှာပေါ့ကွာ"

"မှန်တာပေါ့ကွာ"

# မိုးညှင်းမြို့နယ်ဆေးရုံ တိုးချဲ့လူနာဆောင်ဖွင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)ဆံ့ တိုးချဲ့လူနာဆောင် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၈နာရီက မိုးညှင်းမြို့ရှိ အဆိုပါအဆောက်အအုံသစ်တွင်ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစံသောင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

**ဖဲကြိုးဖြတ်**

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်နှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ဒင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တိုးချဲ့လူနာဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်အခမ်းအနားကို မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမတွင် ဆက်လက်ကျင်းပရာ အစီအစဉ်အရ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က တိုးချဲ့လူနာဆောင် ဆောက်လုပ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးတိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားပြီးနောက် မိုးညှင်းမြို့မှ ဒေသခံပြည်သူဦးသိန်းအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ မိုးညှင်းမြို့နယ်(ခုတင်-၁၀၀)ဆံ့ဆေးရုံ ဆေးပဒေသာပင်အတွက်အလှူငွေများကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ငွေကျပ် ၁၀သိန်း၊ ရောင်ခြည်ဦး ဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဒေါက်တာစောမြင့်ကငွေကျပ်ငါးသိန်းအပါအဝင် အလှူရှင်အသီးသီးက စုစုပေါင်းငွေကျပ် ၂၃သိန်းကို ပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# မြို့တော်ဝန်အား ကိုရီးယားသံအမတ်ကြီးတွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Lee Kyung-Woo သည် ယနေ့မွန်းလွဲ ၂နာရီ တွင် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ မြို့တော်ဝန်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (၁၉)



# မိုးကုတ်ဝိပဿနာ ၁၀ ရက် စခန်းပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

အမှတ်(၈၂)နတ်မောက်လမ်း ဗဟန်းမြို့နယ် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင် ဖေဖော်ဝါရီ ၂၁ရက်မှ မတ် ၁ရက်အထိ ၁၀ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္ဘာ့ဌာနာစရိယ အင်းစိန် ပေါက်တောကျောင်းမှ အရှင်ဩဘာသ(B.A. သာသန ဓဇ၊ သဒ္ဓမ္မနေပုည ဓမ္မာစရိယ)က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

# ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရထားလုပ်ငန်းများနှင့် စက်ခေါင်းစက်ရုံစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းတွင် အေးသာယာမြို့သစ် စက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံ တည်ဆောက်ရေး စီမံကိန်းရုံး၌ သံနှင့် သံမဏိလုပ်ငန်းရှင်များအား တွေ့ဆုံကာ လက်ရှိ ထုတ်လုပ်လျက်ရှိသည့် သံနှင့် သံမဏိပစ္စည်းအမယ်များနှင့် ထုတ်လုပ်မှုပမာဏ၊ ဈေးကွက်နှင့် ကုန်ကြမ်းရရှိမှုအခြေအနေ၊ ရေရှည်ရည်မှန်းချက်၊ အရည်အသွေး တိုးမြှင့်ရေးအတွက် နည်းလမ်းများ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ရန် ကိစ္စများကို ဆွေးနွေးသည်။

**မှာကြား**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထား တိုင်းအမှတ်(၄) ကလောနယ်မြေသို့ ရောက်ရှိပြီး တိုင်းအရာရှိများနှင့် ကုန်းလမ်းပို့ဆောင်ရေး၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ ပြည်နယ်တာဝန်ခံများအား တွေ့ဆုံ၍ ဌာန၏ ရည်မှန်းချက်များ အောင်မြင်စေရန် အဆင့်ဆင့် တွန်းအားပေးဆောင်ရွက်ရေး မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက် ညပိုင်းတွင် မြစ်ငယ်လူစီးနှင့် ကုန်တွဲစက်ရုံ၌ သတ်မှတ် ထုတ်လုပ်မှုများ ပြည့်မီကျော်လွန်ရေးအတွက် ဆောင်ရွက်နေသော ဝန်ထမ်းများအား အားပေးပြီး လေအေးစက်ပါဝင်သော အထက်တန်း အိပ်စင်၊ အထူးတွဲလေးတွဲကို ပြည်တွင်း ပစ္စည်းများနှင့် စက်ရုံများ၌ တီထွင်ထုတ်လုပ်ထားသည့် ပစ္စည်းများ အသုံးပြုတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။ ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းတွင် ရထားသုံး အရန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရန် ပြင်ဆင် ဆောင်ရွက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရွာထောင်ဒီဇယ်စက်ခေါင်းစက်ရုံသို့ ရောက်ရှိကာ စက်ခေါင်းများ အကြီးတန်း ပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ချွေတာရေး**

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထား တိုင်းအမှတ်(၂)ရွာထောင်ရုံး၌ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံပြီး ဝင်ငွေအပြည့်အဝရရှိရေးနှင့် အသုံးစရိတ်များ ချွေတာရေးတို့ကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းဆိပ်ကမ်းရှိမြန်မာ့သစ်လုပ်ငန်း ဖောင်ဖွဲ့ရေး စခန်းသို့ရောက်ရှိပြီး မြန်မာ့မီးရထားဖြင့် နိုင်ငံခြားပို့သစ်လုံးများ သယ်ယူပေးနေသည့် ကိစ္စများအတွက် လိုအပ်သည်များကို စီမံပေးသည်။ ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ စက်မှုဇုန်မှ တာဝန်ရှိသူများ၊ သံနှင့် သံမဏိလုပ်ငန်းရှင်များအား တွေ့ဆုံ၍ သွင်းကုန် အစားထိုး ထုတ်လုပ်ရေး၊ ဈေးကွက်သစ်များ ရှာဖွေရေး၊ အဆင့်မီ တွင်ခုံများထုတ်လုပ်ရေးနှင့် သံနှင့် သံမဏိထုတ်လုပ်မှု ဖွံ့ဖြိုးရေး ဆပ်ကော်မတီက ကူညီပံ့ပိုးနိုင်သည်များကို ရှင်းလင်း ဆွေးနွေးသည်။

ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းတွင် မြန်မာ့မီးရထား တိုင်းအမှတ်(၃)မှ တာဝန်ရှိသူများနှင့်အတူ သံလမ်းပြေးယာဉ်ဖြင့် မန္တလေး-ပြင်ဦးလွင် လမ်းပိုင်းတစ်လျှောက် ရထားလုပ်ငန်းများကို စစ်ဆေးသည်။

(သတင်းစဉ်)

# ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် မကွေးတိုင်း သရက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဆင်ပေါင်ဝဲမြို့နယ် ဦးစီးအရာရှိတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ရက်တွင် သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ၂၀၀၄-၂၀၀၅ခုနှစ် ရေဝေရေလဲစိုက်ခင်း ၆၇၅ဧကနှင့် ၂၀၀၅-၂၀၀၆ခုနှစ် စိုက်ပျိုးရန်လျာထားသည့် စိုက်ခင်းကျင်းတူးခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိဝန်ထမ်းများအား မိုးမကျမီ ယခင်နှစ်စိုက်ခင်းများကို ခါးဆွ၊ မြေတောင်မြှောက်ပေးရေး၊ စိုက်ခင်းများ မီးမလောင်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ လာမည့်နှစ်စိုက်ခင်းအတွက် မြေပြုပြင်ခြင်းနှင့် ကျင်းတူးခြင်းလုပ်ငန်းတို့ကို သတ်မှတ်ပုံစံအရွယ်အစားအတိုင်း စနစ်တကျတူးဖော်ရေး၊ ပျိုးပင်များကြံ့ခိုင်သန်စွမ်းမှုရှိစေရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

## မြန်မာ့နိုင်ငံရေးဘဝ၏ ထာဝရအလှပင်လုံ

* ယနေ့ချိန်ခါ၊ မင်္ဂလာသည်
စဉ်လာကြီးမား၊ စည်းလုံးအားကြောင့်
တောင့်တင်းခိုင်မာ၊ ပြည်သာစေကြောင်း
လက်ခမောင်းခတ်၊ ကြွေးကြော်အပ်ပြီး
မြိုင်ရပ်ကိုနှင်၊ သင်ကုလားဖြူ နယ်ချဲ့သူ
"ဒို့များပိုင်နက်၊ ဒို့ပိုင်နက်မှ ခုပင်ထွက်သွား"
တိုင်းရင်းသားတို့၊ မချို့စိတ်ဝမ်း
တစ်တန်းစားတည်း၊ ကြီးမားကြံ့ခိုင်
မဏ္ဍိုင်စိုက်ထူ၊ စံနမူဖြင့်
အေးတူပူအမျှ၊ ဘဝနိုင်ငံရေး၊
အမျိုးသားရေးအား
ဦးထားပန်ဆင်၊ ပုံရိပ်သွင်သည်
အနှီ "ပင်လုံ-သက်သေတည်"။
* မျက်မှောက်တစ်ခေတ်၊ နိုင်ငံသစ်၌
အနှစ်အကာ၊ ညီစွာ သမူဟ
ဘဝနိုင်ငံရေး၊ အမျိုးသားရေးအား
နိုးကြားအသိ၊ သတိလက်ယာ
ပညာလက်ဝဲ၊ ကိုင်စွဲရှေးရှု
ညီနောင်ထုတို့
"ပြည်ထောင်စုစိတ်ဓာတ်"၊ လွှမ်းပတ်မြန်မာ
ခိုင်မာလွင့်လူ၊ တံခွန်ထူလော့
ပြည်ထောင်စုမူ၊ နှလုံးတူဖြင့်
ကြည်ဖြူအမြဲ၊ မခွဲထာဝရ
တူနေကြလျက်
အလှကိုယ်စီ၊ ရှိကြသည်ကား
ရှေးပဝေဏီ၊ အတိတ်ဆီမှ
ကာလခုတိုင်၊ ယိမ်းမယိုင်တည့်။
* ဖေဖော်ဝါရီ၊ ဆယ့်နှစ်ဆီက
ညွှန်ပြပုံရိပ်၊ ထိုအတိတ်သည်
နိမိတ်တဘောင်၊ ထွန်းပြောင်အနာဂတ်
ပုံဖော်အပ်၍၊ မလပ်သတိ
အသိနိုးကြား၊ ပြည်ထောင်ဖွားတို့
သွားစို့တူညီ၊ လှမ်း သည်ခရီး
အနီးပန်းတိုင်၊ ကြံ့ကြံ့ခိုင်လျက်
နိုင်ငံအသစ်တည်ဆောက်စို့။ ။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုစပ်ဆိုပါသည်။

ဗလမင်းထင်



## ဆုချီးမြှင့်

**ကျောက်ဆည်အသင်း(ရန်ကုန်)၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည်စုံညီအစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၃၀ရက်က ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ထွန်း(ရဲမှူးကြီး-ငြိမ်း)က တက္ကသိုလ်ဝင်တန်းစာမေးပွဲ နှစ်ဘာသာဂုဏ်ထူးရှင် မောင်ခိုင်လင်းအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။** (က-ပ)

# မြို့မကျောင်းသားဟောင်း ထမနဲပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းကကြီးမှူး၍ (၉)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲကို အမှတ်(၆၈) စကားဝါလမ်း ဒဂုံမြို့နယ်ရှိ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း၌ ဖေဖော်ဝါရီ ၂၂ရက် ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)



အမျိုးသားညီလာခံ တက်ရောက်ရန် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံ တက်ရောက်ရန် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

❍ **အမျိုးသားညီလာခံမှ**

လည်းကောင်း၊ ညနေပိုင်းတွင် ကချင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၃၂ ဦးတို့သည်လည်းကောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

**မန္တလေးတိုင်း**

အလားတူ မန္တလေးတိုင်းမှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၆၂ ဦးတို့သည် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မြန်မာ့မီးရထားဖြင့် ရန်ကုန်ဘူတာကြီးသို့ အသီးသီးရောက်ရှိလာကြရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ တည်းခိုဆောင်များသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

**ညောင်နှစ်ပင်စခန်းသို့**

ထို့အတူ အမျိုးသားညီလာခံတက်ရောက်ရန် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း (အရှေ့)နှင့် ပဲခူးတိုင်း (အနောက်)တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ မော်တော်ယာဉ်များဖြင့် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြသည်။



အမျိုးသားညီလာခံ တက်ရောက်ရန် မန္တလေးတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိကြရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)



ပဲခူးတိုင်း (အနောက်)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိကြစဉ်။ (သတင်းစဉ်)



ပဲခူးတိုင်း (အရှေ့)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိကြစဉ်။ (သတင်းစဉ်)

ထိုသို့ရောက်ရှိကြရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၂၈ ဦးသည် နံနက် ၅ နာရီခွဲတွင်လည်းကောင်း၊ ဧရာဝတီတိုင်းမှ အမျိုးသား ညီလာခံကိုယ်စားလှယ် ၇၂ ဦးသည် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ပဲခူးတိုင်း (အရှေ့)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၃၃ ဦးသည် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ ပဲခူးတိုင်း (အနောက်)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၃၃ ဦးသည် ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းသို့ရောက်ရှိလာကြရာ အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းနှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အိပ်ဆောင်များ၌ နေရာချထားပေးကြသည်။

**ရန်ကုန်တိုင်း**

အလားတူ ရန်ကုန်တိုင်းမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များနှင့် အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များသည်လည်း မော်တော်ယာဉ်များဖြင့် ယနေ့ညနေပိုင်းတွင် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)



ဧရာဝတီတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိကြစဉ်။ (သတင်းစဉ်)

## ပိဋကဗျူဟာအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မသဘင်ခန်းမတွင် ပိဋကဗျူဟာအဖွဲ့၏ ၂၀၀၄ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသူများ၊ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန်နှင့် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (၂၃)




မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲ Compound အမျိုးသားပြိုင်ပွဲ၌ ရွှေတံဆိပ် လေးခုရ ပေါ်ဦးအား ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

# နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ မြန်မာ့လက်ရွေးစင်မြားပစ်အသင်းအားဂုဏ်ပြု မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ တက်ရောက်၍ဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့၌ကျင်းပခဲ့သည့် ၂၀၀၅ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင်မြားပစ်အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံမြားပစ်ပြိုင်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အောင်ပွဲရ မြန်မာ့လက်ရွေးစင်မြားပစ်အသင်းမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

## ထိုက်ထိုက်တန်တန်

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ကအမှာစကားပြောကြားရာတွင်မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ၂၀၀၅ ခုနှစ် ဇန်နဝါရီ၉ရက်မှ၁၄ရက်အထိ ကျင်းပခဲ့သည့် ပထမအကြိမ် အရှေ့တောင်အာရှမြားပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမားစုစုပေါင်း ၂၀ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့်လာအိုအပါအဝင် အရှေ့တောင်အာရှခြောက်နိုင်ငံမှ ထိပ်သီးမြားပစ်အားကစားသမား စုစုပေါင်း ၅၇ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုမှာ မြန်မာအသင်းက ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၀ခုဖြင့် ပထမ၊ မလေးရှားအသင်းက ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခုဖြင့် ဒုတိယ၊ အင်ဒိုနီးရှားအသင်းက ငွေတံဆိပ်ခြောက်ခုဖြင့် တတိယ၊ ဗီယက်နမ်နှင့် ထိုင်းအသင်းတို့က ငွေတံဆိပ်နှစ်ခုစီဖြင့် စတုတ္ထရရှိခဲ့ကြောင်း၊ အမျိုးသား Compound ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ပေါ်ဦး၊ အမျိုးသမီး Compound ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ယုနန္ဒာထိုက်၊ အမျိုးသား Recurve ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ညီညီထွန်းတို့က ထူးချွန်ဆုများကို အသီးသီး ဆွတ်ခူးရရှိခဲ့ကြောင်း၊ မြန်မာမြားပစ်အသင်းအနေဖြင့်ပြိုင်ဘက်နိုင်ငံများအားလုံးကို ပြတ်ပြတ်သားသား အနိုင်ရယူပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနကိုယ်စား အောင်ပွဲရ မြန်မာမြားပစ်အားကစားအဖွဲ့ကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင် ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများသို့ (၂၆)ကြိမ် သွားရောက်ယှဉ်ပြိုင်ခဲ့ရာတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ် ၂၉ခု၊ ငွေတံဆိပ် ၂၂ခု၊ ကြေးတံဆိပ် ၂၆ခု စုစုပေါင်း ဆုတံဆိပ် ၇၇ခု ဆွတ်ခူးရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်မှုကို ချီးကျူးဂုဏ်ပြုပြီး အသိအမှတ်ပြုမှတ်တမ်းတင်ရမှာဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာ့လက်ရွေးစင် မြားပစ်အဖွဲ့ အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန် (တိုကျိုပိုက်)က နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် မြားပစ်အသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၅သိန်းကိုပေးအပ်ရာဥက္ကဋ္ဌဒေါက်တာခင်ရွှေက လက်ခံယူသည်။

## ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက မျိုးဆက်သစ်ဒိုင်ဗင်ရေကူး အားကစားသမားများ နေထိုင်ရန် အဆောက်အအုံသစ်ဆောက်လုပ်ရေးနှင့် လိုအပ်သော ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများအတွက် အလှူငွေစုစုပေါင်း ငွေကျပ်သိန်း ၃၇၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေ ကျပ် ၂၅သိန်းကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်က နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲရ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၅သိန်းကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန် (တိုကျို ပိုက်)က ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လက်ခံသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ မြန်မာ့လက်ရွေးစင်မြားပစ် အားကစားသမားများကိုယ်စားရွှေတံဆိပ်လေးဆုရှင် မြန်မာ့လက်ရွေးစင်မြားပစ် အားကစားမယ် မယုနန္ဒာထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)



**ဖေဖော်ဝါရီ ၆ရက်ကျင်းပသော ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲတွင် မြို့နယ်ဒေသဖွံ့ဖြိုးရေး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများအား မြို့နယ်အသင်းက ဂုဏ်ပြုချီးမြှင့်သော ဂုဏ်ပြုငွေတံဆိပ်ကို အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင် ချီးမြှင့်စဉ်။** (က–ပ)

# တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း အထက်မြန်မာပြည် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာများ နှစ်ချုပ်စာရင်းပိတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် မန်နေဂျာများ၏ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၃ရက်တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာများ၊ အထက်မြန်မာပြည်မှ ခရိုင်၊ မြို့နယ် မန်နေဂျာများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာတွင် ယခု ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဘဏ်ခွဲမန်နေဂျာများသည် မိမိတာဝန်ကျရာဒေသ၌ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင်တွန်းအားပေး လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ရာတွင် လုပ်ငန်း ကျွမ်းကျင်မှုရှိရုံမျှမက ဘဏ်နှင့် ဆက်သွယ်လာသော ပြည်သူများ စိတ်ကျေနပ်မှုရရှိသည်အထိ ဘဏ်လုပ်ထုံးလုပ်နည်း စည်းကမ်းဘောင်အတွင်းမှ တိကျ၊ မှန်ကန်မြန်ဆန်စွာဖြင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှု အောင်မြင်တိုးတက်စေရန် အဓိကတာဝန်ယူထားရသည့် ဘဏ်ခွဲမန်နေဂျာများအနေဖြင့် ဝန်ထမ်းများ နမူနာယူလောက်အောင် စံပြနေထိုင် လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်ဟောင်းမှ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ဘဏ်လုပ်ငန်းတစ်နှစ်ထက်တစ်နှစ် တိုးတက်သည်ထက်တိုးတက်စေမည့်ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေး ဦးတည်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာများက မိမိတို့ဌာနအလိုက် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းက နိဂုံးချုပ် အမှာစကားပြောကြား၍ ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း စဉ့်ကူးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)သို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် တိုင်းမန်နေဂျာနှင့် ဘဏ်ခွဲမန်နေဂျာများက ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ On Line Banking ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုဖြစ်သောဘဏ်လုပ်ငန်းများကိုထိရောက်ထက်မြက်စွာ အစဉ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရေး မှာကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရင်နှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် မန္တလေးဘဏ်ခွဲသို့ ရောက်ရှိစစ်ဆေးရာ ဘဏ်ခွဲတာဝန်ခံ မန်နေဂျာက နိုင်ငံခြားဘဏ်လုပ်ငန်း၊ ပြည်တွင်းဘဏ်လုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး ကဏ္ဍအတွက် ဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)



**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က မြန်မာနိုင်ငံ ဆရာဝန်များအသင်း၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံ အလှူငွေကျပ်နှစ်သိန်းကို ဦးထွန်းမြင့်–ဒေါ်အေးအေးညွန့်(KSS Co., Ltd.)တို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ပြန်လည်ဖွဲ့စည်းခြင်းနှင့် ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်ပြန်လည်ဖွဲ့စည်းခြင်းနှင့် ရှင်းလင်းမိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.) က အမှာစကားပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲသို့တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ (သတင်းစဉ်)

# ဆည်ရေသောက်စပါးစိုက်ကွင်းများ ပန်းတိုင်အထွက်နှုန်းအမြင့်ဆုံးရရှိရန် ကြိုးပမ်း တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် သက်သာလျော့နည်းအောင် ကူညီဆောင်ရွက်

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မလစ်ကျေးရွာတွင် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသည့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)



ရန်ကုန် ဖေဖော်ဝါရီ ၁၅

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် ရန်ကုန်တိုင်း စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံ လက်ဝဲတူးမြောင်း အရှည် ၁၅မိုင်၌ နွေစပါးစိုက်ဧက ၁၁၉၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာက သနပ်ပြင်ကျေးရွာအုပ်စု၌ ရေဆင်း(၁)နှင့် ရေဆင်း(၃)စပါးများ စိုက်ပျိုးမှု၊ ဒါးပိန်ကွင်းအုပ်စု၌ မနော်သုခနှင့် သီးထပ်ရင်စပါးများ စိုက်ပျိုးဖြစ်ထွန်းမှု၊ စံကွက်စစ်တမ်းအရ ပန်းတိုင်အထွက်နှုန်း တစ်ဧကတင်း ၁၀၀အထက် ထွက်ရှိအောင် ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြသရာ ဝန်ကြီးက ဆည်ရေသောက် စိုက်ကွင်းများသည် ပန်းတိုင်အထွက်နှုန်းရရှိရုံဖြင့် ကျေနပ်မနေဘဲ ပန်းတိုင်အထွက်နှုန်း၏ အထက်အမြင့်ဆုံး ရရှိရန် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ထွက်ရှိသီးနှံများ လေလွင့်ဆုံးရှုံးမှုမရှိရေးနှင့် တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာလျော့နည်းအောင်လည်း ကူညီဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးက ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရန်ကုန်မြို့တော် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံချက်ကို အထောက်အကူပြုမည့် ရေထိန်းစနစ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ငမိုးရိပ်ဆည်ရေ၏ ရေသောက်စနစ်၊ အဖျားပိုင်းဒေသများနှင့် ဆက်စပ်ရေရရှိမှု၊ ရေခေါ်မြောင်းကို စက်ယန္တရားများဖြင့် တူးဖော်မှု၊ ရေထုတ်မြောင်းဆက်လက်ပြုလုပ်မှုတို့ကိုလည်းကောင်း၊ အမြင့် ၁၂ပေ၊ အကျယ်ရှစ်ပေရှိသည့် ရေတံခါး ၁၈ပေါက်နှင့် အမြင့် ၁၂ပေ၊ အကျယ် ခြောက်ပေကိုးလက်မရှိသည့် သဲနုန်းထုတ်ရေတံခါး ရှစ်ပေါက်တပ်ဆင်ပြီးစီးမှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာနှင့် မြို့နယ်မန်နေဂျာတို့က ငမိုးရိပ်ချောင်းဘေးဝဲ/ယာရှိ စိုက်ပျိုးမြေများ အချိန်မီ နွေစပါးစိုက်ပျိုးနိုင်မှု၊ နွေစပါးသာမက အခြားသီးနှံစိုက်ဧကများလည်း တိုးတက်စိုက်ပျိုး၍ အထွက်တိုးလာမှုတို့ကြောင့် ဒေသခံပြည်သူများ ဝင်ငွေတိုးတက်ရရှိလာမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ သေသပ်ခိုင်ခံ့မှုရှိရေး၊ ရေတံခါးအနီး ပတ်ဝန်းကျင်တွင် ဝင်ငွေရ သီးနှံစိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်းရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးအတွက် ကူညီဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေထိန်းတံခါးအဆောက်အအုံနှင့် ရေခေါ်မြောင်း စက်ယန္တရားများဖြင့် တူးဖော်မှုကိုလည်းကောင်း၊ ရေထိန်းတံခါးအဆောက်အအုံအပေါ်ပိုင်းရှိ ရေတံခါးအဖွင့်အပိတ် ထိန်းချုပ်ဘီးများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် လှည်းကူးမြို့နယ် မလစ်ကျေးရွာ ကွင်းအမှတ် ၄၉၂(အေ)ကွင်းအရောက် စိုက်ပျိုးပညာပေးစခန်းနယ်မြေရှိ တောင်သူလယ်သမားကြီးများ စိုက်ပျိုးဖြစ်ထွန်းနေသည့် ဆင်းသွယ်လတ်၊ မနော်သုခ၊ ရွှေနံ့သာ(၉)၊ရေဆင်း(၃)စပါးခင်းများ၊ ဆင်းရွှေလီ(R) မျိုးစိုက်ခင်း၊ မနော်ထွန်းစပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေတော်မိုးတော် စိုက်ခင်းများဖြစ်၍ စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း၁၀၀အထက် ရရှိအောင် ပံ့ပိုးမှုများပြုလုပ်ရေး၊ စိုက်စရိတ်ကျဆင်းရေးနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မလစ်လျှပ်စစ်ရေတင်စီမံကိန်းဖြင့် ငမိုးရိပ်ချောင်းရေကို မြင်းကောင်ရေ ၄၀ရှိ ရေတင်စက်မှ တစ်ဆင့် ၁၂လက်မပိုက်ဖြင့် ရေပေးမှု၊ အရှည်ပေ ၃၈၀၀ ရှိသည့် မြေပေါ်မြောင်းမှ တစ်ဆင့် လယ်ယာကွက်များ ရေရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ယနေ့နိုင်ငံတော်၏မူဝါဒကို မျက်ခြည်မပြတ်လေ့လာ ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွလုပ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီတွင် ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းဦးစီးဌာနမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပြီးခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး အားနည်းချက်များ လျော့နည်းအောင်၊ အားသာချက်များ ပိုမိုတိုးတက်အောင် စီမံချက် ချမှတ်ဆောင်ရွက်ရန် ညှိနှိုင်းကြရန်လိုကြောင်း။

ယနေ့နိုင်ငံတော်က ခံယူကျင့်သုံးနေသည့် မူဝါဒနှင့် ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ၏ အရေးပါမှုကို မျက်ခြည်မပြတ် မှတ်သားလေ့လာပြီး ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ လုပ်ဆောင်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်၊တိုင်း၊ ခရိုင်ဦးစီးဌာနမှူးများက မိမိတို့ပြည်နယ်၊ တိုင်း၊ ခရိုင်အလိုက် ဆောင်ရွက်ခဲ့ကြသည့်လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်အောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

# ၂၀၀၄ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှု ၃၀၁၂မှု ဖမ်းဆီးအရေးယူခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**၂၀၀၄ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၃၀၁၂မှု ဖမ်းဆီးနိုင်ခဲ့ရာ ဘိန်း ၄၀၆မှု အလေးချိန် ၆၀၆ ဒသမ ၈၉၃၁ကီလို၊ ဘိန်းဖြူ ၁၁၂၆မှု အလေးချိန် ၉၇၃ ဒသမ ၅၁၅၆ကီလို၊ ဘိန်းညှိသုံးမှု အလေးချိန် ၅၈ ဒသမ ၉၀၄ကီလို၊ ဘိန်းဆီ ၆၄မှု အလေးချိန် ၃၉ ဒသမ ၁၁၅၇ကီလို၊ အဆင့်နိမ့်ဘိန်း ၁၆၂မှု အလေးချိန် ၃၉၅ ဒသမ ၇၄၅၇ကီလို၊ ဆေးခြောက် ၂၀၄မှု အလေးချိန် ၁၄၂ ဒသမ ၄၄၆၈ကီလို၊ ဖင်ဆီဒိုင်း ၁၈မှု ပမာဏ ၃၀ ဒသမ ၂၅လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၈မှု ၈၃၇၉၃၁၁ ပြား၊ အက်ဖီဒရင်းနှစ်မှု အလေးချိန် ၁၈၂ ဒသမ ၆၅၆ကီလို၊ စိတ်ကြွရူးသွပ် ဆေးမှုန့် ၁၂မှု အလေးချိန် ၆၉ ဒသမ ၀၅၇၆ကီလို၊ ချောင်းဆိုးပျောက်ဆေးရည်ခြောက်မှု ပမာဏ ၇၁ဒသမ ၁ လစ်တာ၊ ဘိန်းစာမှုန့် ၃၆မှု အလေးချိန် ၈၂ ဒသမ ၀၀၉ကီလို၊ ဒိုင်ယာဇီပမ်ဆေးပြား သုံးမှု ၄၀၇ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေးငါးမှု ၁၀၄ပုလင်း၊ မော်ဖင်း ထိုးဆေးတစ်မှု ၁၀ပုလင်း၊ ဖြူပရီနော်ဖင်းထိုးဆေးငါးမှု ၃၇၉ပုလင်း၊ စိတ်ကြွရူးသွပ်ဆေးခဲ(အိုက်စ်) အလေးချိန် သုညဒသမ ၁၅၅ကီလို၊ ကေဖင်း အလေးချိန် သုညဒသမ ၇၉ကီလို၊ အက်တက်စီဆေးပြား နှစ်မှု ငါးပြား၊ အက်စစ်တစ်အင်ဟိုက်ဒြိုက်ပမာဏ ၂၆ ဒသမ ၄ လစ်တာ၊ ဓာတုဆေးရည် လေးမှု ပမာဏ ၁၇၉၇၁ ဒသမ ၀၇ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၃၆၄၉ ဒသမ ၇၇၆ ကီလို၊ မှတ်ပုံတင်ပျက် ၁၈၄မှု၊ အခြားအမှု ၁၇၁မှု ဖမ်းဆီးရမိခဲ့သည်။**

၂၀၀၄ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၃၀၁၂မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၃၄၁၈ဦး၊ တရားခံအမျိုးသမီး ၇၃၅ဦး စုစုပေါင်း တရားခံ ၄၁၅၃ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

၂၀၀၄ခုနှစ်အတွင်း တပ်မတော်တပ်ရင်း/တပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းချက်စခန်း တစ်ခု၊ ကချင်ပြည်နယ်တွင် ဘိန်းချက်စခန်းတစ်ခု ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဘိန်းချက်စခန်းများမှ မူးယစ်ဆေးဝါးများ၊ ဓာတုဆေးရည်များနှင့် ဘိန်းချက်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

၂၀၀၄-၂၀၀၅ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင် လျှို့ဝှက်စိုက်ပျိုးထားသော ဘိန်းခင်းများကို ဖျက်ဆီးလျက်ရှိရာ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် စုစုပေါင်းဘိန်းခင်း ၈၀၈၂ ဒသမ ၁၃ ဧက (၃၂၇၀ ဒသမ ၇၉ဟက်တာ)ဖျက်ဆီးခဲ့သည်။

၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုကို နှိုင်းယှဉ်လျှင် ၂၀၀၄ခုနှစ်တွင် ၂၀၀၃ခုနှစ်ထက် ဘိန်းဖြူအလေးချိန် ၄၀၅ ဒသမ ၄၃၂၉ကီလို၊ ဆေးခြောက်အလေးချိန် ၅၇ ဒသမ ၂၄၅၂ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၃၇၆၆၂၇ပြား ပိုမိုဖမ်းဆီးရမိခဲ့ပြီး ဘိန်းအလေးချိန် ၈၇၄ ဒသမ ၈၀၄၇ကီလို၊ ဖင်ဆီဒိုင်းပမာဏ ၄၄ ဒသမ ၂၃လစ်တာ၊ အက်ဖီဒရင်း အလေးချိန် ၁၂၅ ဒသမ ၂၇၆၂ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ပမာဏ ၂၅၃၅ ဒသမ၈၄လစ်တာ၊ ဓာတုဆေးရည် ပမာဏ ၁၈၉၃၂ ဒသမ ၇၆၇ လစ်တာ လျော့နည်းဖမ်းဆီးရမိခဲ့သည်။ ၂၀၀၄ခုနှစ်တွင် ၂၀၀၃ခုနှစ်ထက် အမှုပေါင်း ၂၄၅မှု၊ တရားခံပေါင်း ၃၀၀ဦး ပိုမိုဖမ်းဆီးရမိခဲ့သည်။ (သတင်းစဉ်)

အစဉ်သတိပြု
ကာကွယ်
မီးဘေး
အန္တရာယ်

# ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးပစ္စည်းများ လှူဒါန်း ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်လက်ခံရယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် လက်ခံရယူသည်။**

အခမ်းအနားတွင် ဗြိတိန်နိုင်ငံ Leed မြို့၌ နေထိုင်သည့် မြန်မာနိုင်ငံသား ဆရာဝန် ဒေါက်တာကျော်မြင့်ဦးက ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး Endoscope တစ်စုံ၊ Infusion Pumps နှစ်စုံ၊ Grasby Administration အစုံ ၁၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ပြောကြား**

ထို့နောက် ကျန်းမာရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)



**ပေးအပ် လှူဒါန်း**

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ဗြိတိန်နိုင်ငံ Leedမြို့တွင် နေထိုင်သည့် မြန်မာနိုင်ငံသား ဆရာဝန် ဒေါက်တာကျော်မြင့်ဦး ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းစဉ်။**

(ကျန်းမာရေး)

# ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့က ကြီးမှူး၍ ပထမအကြိမ် အသက် (၁၈)နှစ်အောက် အမျိုးသား၊အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲကို စက်တင်ဘာ ၂၃ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ပွဲရုံ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပထမဦးဆုံးအကြိမ်အသက် (၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်း အသီးသီး၌ရှိသော ဘတ်စကက်ဘော ဆပ်ကော်မတီများနှင့် ပြည်နယ်နှင့်တိုင်း (ပညာ/အားကစား)တို့ ပူးပေါင်း၍ မိမိတို့ ပြည်နယ်နှင့်တိုင်းများ၌ လူရွေးချယ်ပြိုင်ပွဲများ ကျင်းပကြရန်ဖြစ်သည်။ ယင်းလူရွေးချယ်ပြိုင်ပွဲများအတွက် လိုအပ်မည့် အကူအညီများကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က တာဝန်ယူ ပံ့ပိုးပေးမည်ဖြစ်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဖုန်း- ၅၅၆၉၅၂သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ၏ တီလားဗီးယား မွေးမြူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော မြန်မာနိုင်ငံ၏ တီလားဗီးယား မွေးမြူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၈ နာရီခွဲတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါ ခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အားပေးသည်။**

အစီအစဉ်အရ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး Asiam Institute of Technology (A.I.T) တက္ကသိုလ်မှ ပါမောက္ခ Dr. Amrit Bart က မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် A.I.T တက္ကသိုလ်မှ ပါမောက္ခ Dr. Peter Edwards က အာရှနိုင်ငံများ၏ ရေတွင်သက်ရှိ မွေးမြူရေး လုပ်ငန်းများအပေါ် သုံးသပ်၍ A.I.T တက္ကသိုလ်မှ ပါမောက္ခ Dr. C. Kwei Lin က ထိုင်းနိုင်ငံနှင့်ပါမောက္ခ Dr. Yangyi တို့က တရုတ်နိုင်ငံတို့တွင် လက်ရှိ တီလားဗီးယား မွေးမြူနေမှု အခြေအနေများကို လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက မြန်မာနိုင်ငံ၏ ရေတွင် သက်ရှိမွေးမြူခြင်း အခြေအနေများကို လည်းကောင်း၊ ကန်တွင် တီလားဗီးယား မွေးမြူခြင်းနှင့် မွေးမြူရေးတွင် အရေးပါသော အချက်အလက်များကိုလည်းကောင်း တင်ပြကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းကြသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်အထိ ကျင်းပသည်။

(သတင်းစဉ်)

# အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ် အလှူငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း တည်ထောင်ခြင်း (၁၀) နှစ်ပြည့်အထိမ်းအမှတ် အလှူငွေ လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းရုံးခန်း၌ ကျင်းပသည်။**

အခမ်းအနားသို့ မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာအရှင်နန္ဒသိရီ (ပြင်သစ် ဆရာတော်) Dip in French အမှူးပြုသော သံဃာတော်များ၊ သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ၊ မြန်အောင်ကျောင်းတိုက်မှ တိုက်အုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဇယဝတီနှင့် သီလရှင်များ၊မြန်မာ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း အကြံပေးပုဂ္ဂိုလ်များ၊ အသင်းဥက္ကဋ္ဌ သီရိသုဓမ္မသီဂီဒေါ်ခင်မြင့်မြင့်(လူမှုထူးချွန် ပထမဆင့်) နှင့် အလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

**ဆောက်တည်**

ရှေးဦးစွာ မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာ အရှင်နန္ဒသိရီ(ပြင်သစ် ဆရာတော်)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်က လှူဒါန်းပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

**လက်ခံရယူ**

ထို့နောက် ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဘုန်းတော်ကြီးကျောင်း တည်ဆောက်ရေးအတွက် အသင်းဝင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၀ သိန်းကို အသင်းဥက္ကဋ္ဌ သီရိသုဓမ္မသီဂီဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန် ပထမဆင့်) က ပေးအပ် လှူဒါန်းရာ ဘုန်းတော်ကြီးကျောင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး)က လက်ခံရယူသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်အတွက် အလှူငွေကျပ် ငါးသိန်းကို တိုက်အုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဇယဝတီသို့ ပေးအပ် လှူဒါန်းသည်။

**ရုပ်သိမ်း**

ထို့နောက် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချတရားနာယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# ကိုယ့်အားကိုယ်ကိုး လမ်းသစ်များဖွင့်

**တမူး ဖေဖော်ဝါရီ ၁၅**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပြည်တော်သာလမ်းအပိုင်း(၂) ကတ္တရာလမ်းနှင့် မြို့မဈေးအတွင်း လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်၊ တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသောင်းညွန့်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။

လမ်းဖွင့်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်၊ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် လမ်းဖြစ်မြောက်ရေး ဈေး ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(နယ်စပ်စည်ပင်)



# ရေစကြိုမြို့နယ် မြေနီကုန်းကျေးရွာ စက်ရေတွင်းဖွင့်

**ရေစကြို ဖေဖော်ဝါရီ ၁၂**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ရေစကြိုမြို့နယ် မြေနီကုန်းကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း ဖွင့်ပွဲကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်က စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် အမှုဆောင်အရာရှိနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က စက်ရေတွင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(အပေါ်ပုံ)**

**ဆောင်ရွက်ပေး**

အဆိုပါ စက်ရေတွင်းသည် အနက်ပေ ၂၇၀၊ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၉၆၀ ထွက်ရှိပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေ ကျပ် ၉ ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

(နယ်စပ်စည်ပင်)



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ဖေဖော်ဝါရီ ၉ ရက် နံနက်က ရောဝတီတိုင်း ကျိုက်လတ်မြို့သို့ ရောက်ရှိပြီး ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။** (နယ်စပ်စည်ပင်)

# နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ၏ တည်းခိုဆောင်များ နေရာချထားမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဝင်များ ဖြစ်ကြသည့် စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးနှင့် တပ်မတော်အရာရှိကြီးများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် နှစ်(၆၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ၏ တည်းခိုဆောင်များ နေရာချထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪





နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ၏ တည်းခိုဆောင်များနေရာချထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်း၌ကျင်းပမည်ဖြစ်ရာ အမျိုးသားညီလာခံသို့ တက်ရောက်ကြမည့် အစုအဖွဲ့အသီးသီးမှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းမှစတင်လျက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်၁၀ဦးတို့ သည်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်၁၆ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် တစ်ဦးတို့သည် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**



အမျိုးသားညီလာခံသို့တက်ရောက်ရန် ကချင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)



ကြေးမုံ
The Mirror
**ခေါင်းကြီး၊ ဆောင်းပါး အညွှန်း**

** ဒေသ စိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းဆောင်ရွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကြိုးပမ်း*

ခေါင်းကြီး (စာမျက်နှာ-၂)

** ပြည်ပက ဩဇာပေးနေကြတဲ့ ဆရာကြီးတွေကလဲ မြှောက်ပေးနေကြတော့၊ သူတို့မြှောက်ပေးသလို အဟုတ်ကြီး၊ အကောင်းကြီးထင်ပြီးလိုက်လုပ်နေကြတော့ ခက်တော့ခက်တာပဲကွာ။*

ဟိန်းမြင့်၏ **"အငြိမ်းစားတို့စကားဝိုင်း (၅)"**

ဆောင်းပါး (စာမျက်နှာ-၆)

* ဗလမင်းထင်၏ ***"မြန်မာ့နိုင်ငံရေးဘဝ၏ ထာဝရအလှပင်လုံ"***

(ကဗျာ) (စာမျက်နှာ-၇)